


# ဗုဒ္ဓမြတ်စွာ၏တရားဦး

(ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်)


ဦးဖေမောင်တင် အင်္ဂလိပ်ဘာသာသို့ပြန်ဆိုသည်။

**BUDDHA'S FIRST SERMONS (544 B.C.)**

BHIKKU CHO CHO

http://www.dhammadownload.com

စိတ်ကူးချိုချိုအနုပညာ



**BUDDHA'S FIRST SERMONS (544 B.C.)**

# ဗုဒ္ဓမြတ်စွာ၏တရားဦး

(ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်)

ခရစ်မပေါ်မီ ၅၄၄ ခုနှစ်

ဦးဖေမောင်တင် အင်္ဂလိပ်ဘာသာသို့ပြန်ဆိုသည်။

ဒုတိယအကြိမ်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

စိတ်ကူးချိုချိုအနုပညာ
၈၅(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၄၂၆၆၂၄

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.dhammadownload.com

စိတ်ကူးချိုချိုစာအုပ်

# ဗုဒ္ဓမြတ်စွာ၏တရားဦး

## (ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်)

ခရစ်မပေါ်မီ ၅၄၄ ခုနှစ်

# BUDDHA'S FIRST SERMONS

## (544 B.C.)

ဦးဖေမောင်တင်

အင်္ဂလိပ်ဘာသာသို့ပြန်ဆိုသည်။

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ
ဒုတိယအကြိမ်

http://www.dhammadownload.com

၂၉၄.၃

ဖေမောင်တင်၊ ဦး

ဗုဒ္ဓမြတ်စွာ၏တရားဦး / ဦးဖေမောင်တင် ။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ(ဒုတိယအကြိမ်)၊ ၂၀၀၉။
စာမျက်နှာ ၇၂ မျက်နှာ၊ ၁၄.၅ စင်တီ× ၂၂.၅ စင်တီ
(၁) ဗုဒ္ဓမြတ်စွာ၏တရားဦး

ဗုဒ္ဓမြတ်စွာ၏တရားဦး

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၃၂၀၀၈၄၀၂၀၉ နှင့် |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၃၂၀၃၆၆၀၇၀၉ တို့ဖြင့် |

မျက်နှာဖုံးကို **ဓ.ဒ.ဝ** ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊၁၆၄လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဩဂုတ်လတွင် တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · ကိုတင်အေး(လှိုင်)

http://www.dhammadownload.com

# ဗုဒ္ဓမြတ်စွာ၏ တရားဦး

(ခရစ်မပေါ်မီ ၅၄၄ နှစ်)

## BUDDHA'S FIRST SERMONS
## 544 B.C

---


အဂ္ဂမဟာပဏ္ဍိတ ပိဋကတ္တယ ပါရဂူ

သုတဗုဒ္ဓ ဘုရားတစ်ဆူ ပျံ့ကြူးကျော်ကြားတော်မူသော

**ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး**

**Ven. LEDI SAYADAW**

(Known to the world of Buddhists as:)

Rev. Dr. Ledi Maha Thera of Mandalay

1846-1923


Bibliography on Buddhism
Ledi Sa(yā)daw
Year Plate Nos.
1910 (7514)
1913 (7515)
1913 (7516)

---


ဝိသုဒ္ဓိမဂ္ဂ အင်္ဂလိပ် ဘာသာပြန်အတွက်

ယိုးဒယား ဘုရင်မင်းမြတ်၏ ဆုချီးမြှင့်ခြင်းခံရသော

**ဆရာကြီး ဦးဖေမောင်တင်**

**Dr. PE MAUNG TIN**

Winner of Prize for his English translation
of VISUDDHIMAGGA from His Majesty
The King of Thailand.

1888 - 1973


Bibliography On Buddhism
Tin, Pe Maung

| Year | Plate Nos. | Year | Plate Nos. |
|---|---|---|---|
| 1911 | (13515-16) | 1918 | (13531) |
| 1912 | (13517) | 1919 | (13532-33) |
| 1913 | (13518) | 1921 | (13534) |
| 1914 | (13519-23) | 1922 | (13535) |
| 1915 | (12524 - 26) | 1923 | (13536-37) |
| 1916 | (13527 - 26) | 1925 | (13538) |
| 1917 | (13529- 30) | 1928 | (13539) |

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း မိန့်ခွန်း

ဗုဒ္ဓမြတ်စွာ ရှေးဦးစွာ ဟောကြားတော်မူခဲ့သော ဓမ္မစက္ကပဝတ္တန၊ အနတ္တလက္ခဏ နှစ်သုတ္တန်တို့သည် ဗုဒ္ဓဘာသာဆိုင်ရာ အသိဉာဏ်ပညာ၏ အခြေခံပဓာနဖြစ်၍ နိဗ္ဗာန်သွားရာ လမ်းကို ညွှန်ပြရန် လိုအပ်သမျှ အချက်အလက်အစုံအလင် ပါဝင်ကြပါသည်။ ထိုသုတ္တန်တို့ကို မူလရင်း ပါဠိဘာသာမှ မြန်မာ၊ အင်္ဂလိပ်နှင့် အခြားများစွာသော ဘာသာများသို့ ပြန်ဆိုပြီး ဖြစ်သည့်အပြင် လွန်ခဲ့သော ကာလအတော်ကြာကပင် ထိုသုတ္တန်တို့အတွက် လေးစားအားထား လောက်သော အဖွင့်ကျမ်းများစွာတို့ကိုလည်း ဖွင့်ဆိုရေးသားခဲ့ပြီး ဖြစ်ပါသည်။

ဦးသာဝင်းသည် ဘုရားရှင်၏ တရားတော်ကို အလွန်လေးစားသော ဥပါသကာ ဖစ် ယောက်ဖြစ်၍ အထက်ပါသုတ္တန်များ၏ အလွန်အရေးကြီးကြောင်းကို ကောင်းစွာသိသဖြင့် ထိုသုတ္တန်များကို အင်္ဂလိပ်ဘာသာသို့ အသစ်တဖန် ပြန်စေ၍ ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဘာသာ တို့ဖြင့် တစ်အုပ်တည်း ပေါင်းကာ ပုံနှိပ်ထုတ်ဝေရန် ပြင်းပြသော ဆန္ဒဖြစ်ပေါ်လာသည့်အတိုင်း ဝိသုဒ္ဓိမဂ်နှင့် အဋ္ဌသာလိနီ အဋ္ဌကထာကြီးများကို ပါဠိဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့သော ပညာရှင် ဆရာကြီး ဦးဖေမောင်တင်အား အထက်ပါ သုတ္တန်တို့ကို အင်္ဂလိပ်ဘာသာသို့ အသစ်တဖန် ဘာသာပြန်ရန် တောင်းပန်ခဲ့ပါသည်။

ဦးဖေမောင်တင်သည် အင်္ဂလိပ်၊ ပါဠိ၊ မြန်မာဘာသာများကို ထိထိရောက်ရောက် တတ်မြောက်သဖြင့် ဤသုတ္တန်များကို အသစ်တဖန် အင်္ဂလိပ်ဘာသာပြန် လုပ်ငန်းအတွက် အထူးသင့်လျော်သော ဂုဏ်အင်္ဂါနှင့် အမှန်တကယ် ပြည့်စုံကြောင်း သူ၏ ဘာသာပြန်ကပင် အတိအလင်း သက်သေခံလျက် ရှိပါသည်။

ဘုရားဟော ဒေသနာတော်များမှ အထူးအရေးကြီးသော အချက်အလက်များစွာတို့ကို ပါဠိဘာသာ၊ မြန်မာဘာသာများဖြင့် ကျမ်းစာအုပ်ပေါင်းများစွာ ထုတ်ဖော်ရေးသားတော် မူခဲ့သဖြင့် အလွန်ထင်ရှား ကျော်ကြားတော်မူသော လယ်တီဆရာတော်ဘုရားကြီး၏ မြန်မာ ဘာသာ ပြန်သည် အလွန်ကောင်းမွန်ပြီးဖြစ်၍ မူရင်းအတိုင်းပင် ပုံနှိပ်ထုတ်ဝေပါသည်။

ဦးသာဝင်း၏ စိတ်စေတနာ ထက်သန်မှု၊ ကြိုးစားမှု၊ အလှူဒါန ရက်ရောမှုကြောင့်သာ ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ခြင်း ဖြစ်သဖြင့်၊ ဦးသာဝင်းမှာ ကုသိုလ်များစွာရ၍ သာဓု အကြိမ်များစွာ အခေါ်ခံထိုက်ပါသည်။

**ဦးသေဋ္ဌိလ**

ဆရာတော် ဦးသေဋ္ဌိလသည် ပဋ္ဌမကျော် အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မာကထိက ဝိဘင်းပါဠိတော် အင်္ဂလိပ်ဘာသာပြန်ဆို ပြုစုတော်မူသော ဆရာတော်တစ်ဆူ ဖြစ်သည်။

http://www.dhammadownload.com

# စကားဦး

ဤစာအုပ်ထုတ်လိုက်ခြင်းသည် ပိဋကတ်တော်နှင့် ပါဠိဘာသာ မြန်မာဘာသာတို့တွင် အလွန်နှံ့သိ ထူးခြားထင်ရှားတော်မူလှသော လယ်တီဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို ထိုက်တန်စွာ ပူဇော်သောအားဖြင့် တင့်တယ်သော တံခွန် မှတ်တိုင်တစ်ဆူ ထူပြလိုက်ခြင်းပင် ဖြစ်သည်။ ထို့ပြင် ဆရာကြီး ဦးဖေမောင်တင်၏ ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်စာ ဉာဏ်ပညာ အရည်အသွေး မည်မျှတောက်ပြောင်ပုံကို ပေါ်လွင်စေသည့် ညွှန်ပြခြင်းလည်း ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ၏ "အဦးအဖျား ဒေသနာတော်နှစ်ဖြာ"တွင် သာသနာတော်၏ တကယ့်အနှစ်သာရများ ပါရှိသည်။ သို့ကြောင့် ထိုတရားတော်တို့ကို ကမ္ဘာအရပ်ရပ်ရှိ ပညာရှင်များက မိမိတို့ဘာသာအသီးသီးသို့ ကြိုးပမ်းပြန်ဆိုရေးသားခဲ့ကြသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ မြန်မာပြန်များမှာ အကောင်းဆုံး၊ ယထာဘူတအကျဆုံးဟူ၍ မြန်မာပြည်က လက်ခံထားသည်။ ဆရာကြီး ဦးဖေမောင်တင်သည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ မြန်မာပြန်များကို မိမိ၏လမ်းညွှန်သဖွယ် အခြေခံထား၍လည်းကောင်း၊ အနောက်နိုင်ငံ ပညာရှင်ကြီးများဖြစ်ကြသော ဒေါက်တာ အက်ဖ်အံယ်လ်ဝုဒ်ဝပ်နှင့် (အမျိုးသမီး) ဒေါက်တာ ဟောနားတို့၏အင်္ဂလိပ်ဘာသာပြန်များကို မှီး၍လည်းကောင်း၊ ထိုတရားတော်တို့ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားခဲ့သည်။ ကျွန်တော်၏ထင်မြင်ချက်ကို တင်ပြရသော် ဆရာကြီး၏ လက်ရာသည် အင်္ဂလိပ်ဘာသာပြန်များထဲတွင် အကောင်းဆုံးဖြစ်သည်ဟု ဆိုရပါမည်။

ငွေကြေးအမြောက်အမြားနှင့် အချိန်များစွာ အကုန်ခံကာ စိတ်ရှည်လက်ရှည် တပင်တပန်း ကြိုးပမ်း၍ ဤစာအုပ်ကို ထမြောက်အောင်မြင်စွာ ထုတ်ဝေလိုက်သေရာ၊ထုတ်ဝေသူဦးသာဝင်းအား ယခုပြုသော ဓမ္မဒါနကောင်းမှုအတွက်လည်း နတ်လူအပေါင်းက ဝမ်းမြောက်ဝမ်းသာ သာဓု အကြိမ်ကြိမ် ခေါ်ကြမည် မုချဖြစ်ပါသည်။

**မောင်ထင်အောင်**

**၂၇-၁-၇၈**

စိန့် အန်ထော်နီ ကောလိပ်၊

အောက်စ်ဖို့ တက္ကသိုလ်။

http://www.dhammadownload.com

# ကျေးဇူးတင်လွှာ

ဤစာအုပ် တတိယအကြိမ်အဖြစ် ထွက်ရှိလာနိုင်ဖို့ တိုက်တွန်းအားပေးခဲ့သည့်၊ မူရင်းစာအုပ်အား စေတနာဖြင့် ငှားရမ်း ကူညီပေးခဲ့သည့် မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးတင်ဝင်းအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးဖေမောင်တင်၏သား
ဦးဖေဇံတင်

http://www.dhammadownload.com

# ကတညုတမင်္ဂလာ ကျေးဇူးတင်လွှာ

**သိဒ္ဓံ နမော ဗုဒ္ဓါယ၊**
**သိဒ္ဓံ နမော ဓမ္မာယ၊**
**သိဒ္ဓံ နမော သံဃာယ။**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးအား လက်ဆယ်ဖြာ ဦးထိပ်မိုးလျက် ရှိခိုးကန်တော့ပါ၏။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး (၁၈၄၆-၁၉၂၃) သည် ၁၈၉၄ ခုနှစ် ဝါတော် (၂၈)ဝါအရတွင် မုံရွာမြို့ လယ်တီတိုက်ကြီး၌ သီတင်းသုံးနေတော်မူစဉ် ဗုဒ္ဓ၏တရား ဦးဖြစ်သော "ဓမ္မစက္က ပဝတ္တနသုတ်"နှင့် "အနတ္တလက္ခဏာသုတ်"တော်တို့ကို ပါဠိဘာသာမှ မြန်မာဘာသာသို့သိလွယ်၊ ထင်လွယ်၊ သဘောပေါက်လွယ်အောင် ဘာသာပြန်ဆိုတော် မူခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် ဆရာကြီး ဦးဖေမောင်တင်က ပါဠိဘာသာကို အခြေခံလျက် လယ်တီဆရာတော်ဘုရားကြီး၏ မြန်မာပြန်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ပြီးစီးအောင်မြင်ခဲ့ပါသည်။

ဤသို့အားဖြင့် နှစ်ပေါင်းရှစ်ဆယ်ခန့်အကြာတွင် လယ်တီဆရာတော်ဘုရားကြီး၏ မြန်မာပြန် ဓမ္မစကြာနှင့် အနတ္တ လက္ခဏာသုတ္တန်တို့သည် မြန်မာအသိမှ ကမ္ဘာ့သိအဖြစ်သို့ ထင်ပေါ်ကျော်ကြား ရောက်ရှိသွားလေတော့သည်။ တစ်ကြောင်းအားဖြင့်လည်း၊ လယ်တီဆရာ တော်ဘုရားကြီး ကိုယ်တော်တိုင် အသင်းအကြီးအချုပ် မဟာနာယကအဖြစ်ဖြင့် ခရစ်သက္ကရာဇ် ၁၉၁၃ ခုနှစ်တွင် မန္တလေးမြို့၌ တည်ထောင်ခဲ့သော "နိုင်ငံခြားဗုဒ္ဓသာသနာပြု အဖွဲ့ကြီး"၏ ဗုဒ္ဓစာပေ ကမ္ဘာသို့ ပြန့်ပွားရေးအတွက် ကြိုးပမ်းချက် ဘာသာပြန်များ တရှိန်ရှိန် ပြန့်ပွား လာချိန်တွင် ဆရာကြီး ဦးဖေမောင်တင်သည် ဗုဒ္ဓဘာသာ ကမ္ဘာသူ ကမ္ဘာသားတို့အား လျင်မြန်စွာ အသိဉာဏ်ပေါက်၍ ကမ်းတစ်ဖက်သို့ လှမ်းတက်ကူးမြောက်နိုင်ကြစေရန် ပေါင်းကူးတံတားတစ်ခု တည်ဆောက် ခင်းပေးလိုက်ပြီ ဖြစ်ပါသည်။

ဤသို့ ဗုဒ္ဓစာပေပြန့်ပွားအောင် ဘာသာပြန်၍ ဖြန့်ချိလိုက်ခြင်းဖြင့် ဗြိတိသျှပြတိုက်စသော ကမ္ဘာ့ဗုဒ္ဓဘာသာစာပေများ၊ သမိုင်းဝင်စုဆောင်းထိန်းသိမ်းရာ ကမ္ဘာ့ပြတိုက်ကြီးများတွင် လယ်တီဆရာတော်ဘုရားကြီး၏ဗုဒ္ဓစာပေများမှာ ၁၉၁၃ ခုနှစ်အထိ သမိုင်းဝင်စာစဉ် ကတ်ပြား

http://www.dhammadownload.com


(၃)ချပ်မှသည် (၅)ချပ်သို့လည်းကောင်း ဆရာကြီးဦးဖေမောင်တင်၏ သမိုင်းဝင်စာစဉ်ကတ်ပြားများမှာလည်း ၁၉၂၈ ခုနှစ်အထိ အရေအတွက်အားဖြင့် (၂၅)ချပ်မှသည် (၂၇)ချပ်သို့လည်းကောင်း၊ အသီးသီး ဆင့်ပွား၍ ရောက်ရှိသွားတော့မည်ဖြစ်လေရာ၊ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အားတက်ဝမ်းမြောက်ဖွယ် ဂုဏ်ယူစရာဖြစ်ပါတော့သည်။

ဆရာကြီး ဦးဖေမောင်တင်သည် လယ်တီဆရာတော် မြန်မာပြန် ဗုဒ္ဓ၏တရားဦးကို စူးစူးစိုက်စိုက် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနေသည့်အခိုက်တွင်

"ဟော့လူ ကြည့်စမ်းဗျာ၊ ဆရာတော် ဘုရားကြီး ဘာသာပြန်တာဟာ ဘယ်လောက် ချစ်စရာကောင်းသလဲ၊ 'ဇာတိပိ ဒုက္ခာ' 'ပဋိသန္ဓေနေရခြင်း ဆင်းရဲ'ဆိုတာမှာ အဖန်ဖန်ဆိုတဲ့ စကားလုံးကို ဖြည့်စွက်ထည့်ပေးလိုက်တယ်၊ 'ဇာတိပိဒုက္ခာ'ဆိုတဲ့ ပါဠိမှာ အဖန်ဖန်ဆိုတာ မပါလေတော့ ကျုပ်မှာစဉ်းစားရ ခက်သွားတယ်။ နောက်တော့မှဗျာ 'အနေကဇာတိသံသာရံ' ထဲက 'ဒုက္ခာဇာတိပုနပ္ပုနံ'ကို သွားတွေ့လိုက်တော့မှ နှစ်နှစ်ခြိုက်ခြိုက် သဘောပေါက်သွားတယ်ဗျာ၊ ဆရာတော်ဘုရားကြီးဟာ ဘာသာပြန်ရင်းမှ ခင်ဗျားတို့ ကျုပ်တို့ကိုပါ တရားဟောတော်မူသွားတယ်။ ပဋိသန္ဓေနေရခြင်း ဆင်းရဲဆိုတာ အခုဘဝ ပဋိသန္ဓေနေရလို့ ဆင်းရဲတယ်ဆိုတာကိုသာ ပြောတာ မဟုတ်ဘူး၊ ၃၁ ဘုံထဲက မထွက်သေးသမျှ ကာလပတ်လုံး အဖန်ဖန် ခဏခဏ ပဋိသန္ဓေနေရတဲ့အတွက် ဆင်းရဲတာကို ပြောတာလို့ ဆိုခြင်းဟာ ဘယ်လောက်တန်ဖိုးရှိသလဲ၊ ကောင်းလိုက်တာဗျာ"ဟူ၍လည်း ဆရာကြီးက လယ်တီဆရာတော်ဘုရားကြီးကို ချီးကျူး ထောမနာစကား မကြာခဏပင် ပြောကြားလေ့ရှိပါသည်။

ကျွန်တော်မှတ်ထားမိပါသည်။ ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ဖြစ်ပါသည်။ "ဣဒံ ဒုက္ခံ အရိယ သစ္စန္တိ မေ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့ ဤတောဘုမ္မက ဝင့်တရားစုသည် ဆင်းရဲစင်စစ် အမှန်ဖြစ်သော အရိယာသစ္စာကြီးတစ်ပါးဟူ၍" ဤစာပိုဒ်နှင့် ပတ်သက်၍ ဘာသာပြန်ခဲ့စဉ်က ဖြစ်ပါသည်။ ဆရာကြီးက ကျွန်တော့်အား "ဟူ၍"၏ ရှေ့နောက် စကားဆက်များကို ထပ်ပြန်တလဲလဲ အဖတ်ခိုင်းပါသည်။ အခြားအခြားသော ရှေးဆရာတော်ကြီးများ၏ ဘာသာပြန်စာမူများကိုလည်း ဆရာကြီးက ကျွန်တော့်အား အပြန်ပြန် အလှန်လှန်ခေါက်တုံ့ခေါက်ပြန် အဖတ်ခိုင်းလိုက် စဉ်းစားလိုက် ဖြစ်နေပါသည်။ ထိုနေ့တွင် ဆရာကြီးသည် ရှေ့ဆက်၍ ဘာသာပြန်ခြင်း မပြုတော့ဘဲ ရပ်နားထားလိုက်ပါတော့သည်။ ညနေပိုင်းရောက်သောအခါ ဆရာကြီးသည် ကျွန်တော့်အိမ်တွင် ခါတိုင်းကဲ့သို့ ထမင်းသုံးဆောင်ပြီးမှ ပြန်သွားပါသည်။ အိမ်ရောက်တော့လည်း "ဟူ၍" ကပင် လှုံ့ဆော်နှိုးဆွလိုက်ဟန်တူပါသည်။ မိမိနေအိမ်မှ တက္ကသိုလ်ကျောင်းဝင်းသို့ ကူးသွားပြီး ကျောင်းဝင်းအတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီး၊ "ဟူ၍"ကိုပင် စဉ်းစားနေပါသည်။ မောသည့်အခါ ကုံကော်ပင်အောက်က ခုံတန်းလျားပေါ်ထိုင်၍ "ဟူ၍"ကိုပင် ကမ္မဋ္ဌာန်းရှုသလို ရှုပြန်သည်။

"ဟူ၍"၊ "ဟူ၍"၊ "ဘာဟူ၍လဲ"

"ဟူ၍"က ဘာကို ဆိုလိုတာလဲ၊ အဖြေကား ထွက်မလာ။

သို့နှင့်ပင် "ဟူ၍"နှင့် ဖွဲ့လုံ့လကြီးသောဆရာကြီး၊ ဆရာကြီးနှင့်"ဟူ၍"မှာ ခွဲမရအောင် နှလုံးသားတွင် စွဲငြိနေသည့်အလျောက်

လမ်းလျှောက်ရာမှာလည်း "ဟူ၍"စိတ်၊
ထိုင်နေရင်းလည်း "ဟူ၍"စိတ်၊
အိပ်ရာဝင်လည်း "ဟူ၍"စိတ်၊
ထို"ဟူ၍"စိတ်သည် အိပ်ရာဝင်သည်အထိ ဆရာကြီးအား နှိပ်စက်မင်းမူနေပါလေ၏။

ညဥ့် သန်းခေါင်ကျော် တစ်ချက်တီး အချိန်လောက်တွင် ဆရာကြီးသည် အတွေးအာရုံ ရင်တွင်းမှ ပွင့်ထွက်ပြီး နှုတ်မှ တွတ်တွတ်အသံထွက်အောင် ရွတ်နေမိစဉ် ဆရာကြီးကတော် ဒေါ်ကြည်ကြည်က

"ရှင့် ပါဠိတွေ ဦးသာဝင်း အိမ်ကျမှ ရွတ်ပါ၊ အခုတော့ အိပ်ပျော်အောင် အိပ်လိုက်ပါဦး"

ဟု ပြောလာတော့မှ သတိရကြောင်း၊ နောက်နေ့ နံနက် ကျွန်တော့်ကို ဆရာကြီးက "ဟူ၍" ဇာတ်ကြောင်းကို ပြန်ပြောင်း၍ ပြောပြပါသည်။ လယ်တီဆရာတော်ဘုရားကြီး ဆိုလိုချက်အနက် အဓိပ္ပာယ်ကို မည်သို့မည်ပုံ သဘောပေါက်ခဲ့၍ တစ်ညလုံး ဝမ်းသာမဆုံး ဖြစ်ခဲ့ရပုံ၊ ကိုယ်တွေ့ဝမ်းသာပီတိ ဖြစ်ခဲ့ရပုံများကို လှိုက်လှဲစွာ ပြောပြပါသည်။

ထိုနေ့ နံနက်မှစ၍ "ကရားရေသွန်၊ ကြောင် ပုစွန်စား ကျွတ်ကျွတ်ဝါး"ဆိုသကဲ့သို့ ဆရာကြီးသည် မပြတ်မလပ် တရစပ် ဘာသာပြန်ပါလေတော့သည်။ ထိုနေ့၌ ဆရာကြီး၏ ဘာသာပြန်ဆိုချက်ကို ကျွန်တော်က မီအောင် လိုက်ရေးရသည့် အဖြစ်အပျက်မှာ ကျွန်တော့် တစ်သက် မေ့ရက်နိုင်စရာ မရှိတော့ပါ။ ထိုနေ့ညနေ၌ပင် ဆရာကြီးသည် ဓမ္မစကြာနှစ်စောင်တွဲကို အပြီးသတ်ပြန်ဆိုလိုက်ပြီး သူ၏ လက်မှတ်အောက်တွင် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ဟု မှတ်မှတ်သားသား ရက်စွဲတပ်ထားလိုက်ပါသည်။

ဆရာကြီးသည် ဗုဒ္ဓ၏ တရားဦးကို ဘာသာပြန်ဆိုပြီးနောက် သံဃရာဇာ မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး ၁၈၇၃ ခုနှစ်တွင် ရေးသားပူဇော်သော ရွှေတိဂုံ ဆံတော်ရှင် ဘုရားရှိခိုး ထောမနာ ၁၂ ဂါထာကို ဆက်လက်ပြန်ဆိုပြီးကာ၊ ပထမရွှေကျင်နိကာယ သာသနာပိုင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ၁၈၈၃ ခုနှစ်က ရေးသားတော်မူခဲ့သော ဝိစိတြ ဝန္ဒနာကို ဆရာကြီး၏ ပါဠိ ဆရာ ဂျိမ်း(စ်)ကရေး အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့ပြီးသော်လည်း၊ စာအုပ်မှာ ရှာမတွေ့ရတော့သဖြင့် မိမိကိုယ်တိုင် ဘာသာပြန်မည်ဟု ပြန်နေဆဲဂါထာ ၇၅ ဂါထာအနက် ၅၅ ဂါထာအထိ ပြန်ဆိုပြီး၊ အသက် ၈၆ နှစ် မွေးနေ့ဆင်နွှဲရန် တစ်လသာ လိုတော့သော ၁၉၇၃ ခုနှစ် မတ်လ ၂၂ ရက်နေ့ နံနက်တွင် ဆရာကြီး ပြန်ဆိုခဲ့သည့် ပါဠိတော်မှ 'မရဏမ္ပိ ဒုက္ခံ'အရ ဆရာကြီး ဘသက်ရှည်သည် လောကမှ စွန့်ခွာခဲ့ရလေပြီတကား။ လောဘ၊ ဒေါသ၊ မောဟ၊ မာနဟူ၍ မရှိဘဲအလား ပကတိ စင်ကြယ်၍ သဘောပြည့်ဝလှသော ကျေးဇူးရှင် ဆရာကြီးအား ဦးနိမ်ရိုကျိုး အကြိမ်ကြိမ် ရှိခိုးကန်တော့လိုက်ပါ၏။

တပည့်တပန်းအားလုံးနှင့် လောကသားအားလုံးတို့အား မိမိတတ်သလို တတ်စေလို၊ မိမိသိသလို သိစေလို၊ မိမိမြင်သလို မြင်စေလိုသော စေတနာရှင် ဆရာကြီး ဦးဖေမောင်တင်သည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး မြန်မာပြန်ဆိုသော ဗုဒ္ဓ၏ တရားဦး မီးရှူးတိုင်ကြီးမှ

http://www.dhammadownload.com


ကူးယူလျက်၊ ဗုဒ္ဓဘာသာ ကမ္ဘာသူကမ္ဘာသားတို့ ကြည်နူးရွှင်ပျ ကျက်စားနိုင်ကြစေရန်အလို့ငှာ "ကမ္ဘာသုံး ဗုဒ္ဓစာပေ မိုးရှူးတိုင်ကြီး"အဖြစ် ထွန်းညှိပေးခဲ့လေသည်။

ဤသို့အားဖြင့် ဆရာကြီးသည် "ဗုဒ္ဓ၏တရားဦး မိုးရှူးတိုင်ကြီး"ကို ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ခန့်ညားစွာ စိုက်ထူလျက်၊ ဗုဒ္ဓ၏တရားဦးရောင်ခြည်တော်ကို ကမ္ဘာ့ပတ်ဝန်းကျင်တွင် ထွန်းလင်းတောက်ပစေခဲ့ပါပြီကော။

အဟောပမောဒိတံ၊ ဩော်... ဝမ်းမြောက်ဖွယ်ကောင်းလေစွ၊ ဝမ်းမြောက်ဖွယ်ကောင်းလေစွ။

တစ်နေ့သောအခါတွင် ဆရာကြီးနှင့် ကျွန်တော်တို့သည် ကမ္ဘာ့သာသနာပြု အဘိဓမ္မာကထိက အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌမကျော်အရှင်သေဋ္ဌိလ ဆရာတော်ကို သွားရောက်ဖူးမြော်ကြရင်း ဘာသာပြန်ကိစ္စကို ဆရာတော်နှင့် ဆွေးနွေးခဲ့ကြပါသည်။ ၎င်းမှ အပြန်တွင် မိမိ၏ ဘာသာပြန်ကို ပြင်လိုရာ ပြင်နိုင်ရန် ဆရာတော်အား လျှောက်ထားတင်ပြရမည်ဟု ဆရာကြီးမှာထားခဲ့သည်အရ ကျွန်တော်၏ ဆရာတော်အရင်းလည်းဖြစ်သော ဆရာတော်အသျှင်သေဋ္ဌိလအား ဆရာကြီးနှင့် ဘာသာပြန်ခဲ့ပုံ အတွေ့အကြုံအလုံးစုံကို လျှောက်ထားတင်ပြခဲ့ပါသည်။ ဆရာတော်က

"ဒီအတိုင်းဆိုရင် ဆရာကြီး ကံကောင်းသွားပြီထင်တယ်၊ ရှေးဆရာတော်ကြီးတွေ တော်တော်များများဟာ အသက်ကြီးပြီး ပျံလွန်တော်မူခါနီးမှာ ဓမ္မစကြာနှင့် တရားထူးရသွားတာ တော်တော်များများရှိတယ်"

ဟု မိန့်တော်မူပါသည်။ ဆရာတော် အမိန့်ရှိတော်မူသည့်အတိုင်း ဆရာကြီး ကံကောင်းပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဤ ဗုဒ္ဓတရားဦးကို ဆရာကြီး ဦးဖေမောင်တင် အလွယ်တကူ ပြန်ဆိုနိုင်ရန် လိုသမျှ စာအုပ်စာတမ်းများအရ၊ ဘာသာပြန်ပြီးသောအခါလည်း အသေးစိတ် စိစစ်ပေး၍ အမှာစာ ရေးပေးသော ကျေးဇူးရှင် ဆရာတော် အသျှင်သေဋ္ဌိလအား ဦးဦးဖျားဖျား တည်ခြင်းငါးပါးဖြင့် ရိုသေစွာ ရှိခိုးအပြီးတွင် ကျေးဇူးရှင် မိဘနှစ်ပါးနှင့် ဆရာသမားတို့ကို ရိုသေစွာ ရှိခိုးပါ၏။

http://www.dhammadownload.com

# အမှာ

ဆဋ္ဌသံဂါယနာတင်စာတော်မူ ဓမ္မစကြာနှစ်စောင်တွဲကို လယ်တီဆရာတော်၏ နိဿယ နှင့်တကွ ပုံနှိပ်ထုတ်ဝေရန်ဆန္ဒရှိကြောင်း မကြာမီက ဦးသာဝင်းသည် ကျွန်ုပ်အား ပြောကြားခဲ့၏။ ထိုစာမူတို့ကို အင်္ဂလိပ်ဘာသာပြန်ခြင်းအားဖြင့် ကူညီပါဟုလည်း ပြော၏။ ကူညီပါမည်ဟု ကျွန်ုပ်က ဝန်ခံလိုက်၏။ ဤသို့ဖြင့် မြန်မာနိဿယကို လန်ဒန်ပါဠိကျမ်းဂန်အသင်းက ထုတ်ဝေပြီးသော အင်္ဂလိပ်ဘာသာပြန် ၂ စောင်နှင့် နှိုင်းယှဉ်ပြီး ယခု အင်္ဂလိပ် ဘာသာပြန် ကို ကျွန်ုပ်ပြီးစီးခဲ့၏။

ဤသို့ အင်္ဂလိပ်ဘာသာပြန်ကိစ္စ ပြီးစီးအောင် အနည်းနည်းအဖုံဖုံ ကူညီမစခဲ့သော ဦးသာဝင်းအား ကျေးဇူးတင်ပါသည်။ သက်ကြီးဝါကြီးတို့အားပြုစုသည်သာမက ယခု ဤစာစောင် ထုတ်ဝေခြင်းအားဖြင့် သာသနာပြုလျက်ရှိသော ဦးသာဝင်းသည် ကုသိုလ်များစွာ ရရှိပြီဟု ဆိုနိုင်ပေသည်။

http://www.dhammadownload.com

## INTRODUCTORY REMARK

The first two sermons of the Buddha, Dhammacakkapavattana and Anattalakkhana Suttas are the main sources of Buddhist knowledge and they contain everything necessary to show forth the way to Nibbana. They have been translated from the original Pali Language into Burmese, English and many other languages, and also many valuable commentaries have been written on them in the course of the centuries.

U Tha Win being a devout Buddhist and having realized the very importance of the two suttas had a great desire to have them retranslated into English and publish them together in one volume in their original Pali, Burmese and English. He accordingly requested U Pe Maung Tin, the great scholar and translator into English of Visuddhimagga (The Path of Purity) and Atthasālini (The Expositor), to produce a new English Translation of the Early Sermons.

U Pe maung Tin's through knowledge of English, Pali and Burmese make him pre-eminently fitted for the task and his work proves no doubt to be true.

The translation of the Venerable Ledi Sayadaw so famous for his books in Pali and Burmese on different aspects of the Buddha's teaching, is so excellent that it is reproduced here in its original form.

The publication of this volume is made possible only by the enthusiasm, labour and generosity of U Tha Win who has there by acquired a great amount of merit for which he is worthy of praise and acclaim.

U THITTILA

**The Venerable Sayadaw U Thittila is the Pathamagyaw, Aggamahāpanditta lecturer in Abhidhamma and the English translator of Vibhanga (the book of analysis)**

http://www.dhammadownload.com

## FORE WARD

This is a monumental publication and a worthy tribute to the memory of the great scholar of the Buddhist Scriptures and the Pali and Burmese Languages, the Venerable Ledi Sayadaw who is always referred to as the Master of our Gratitude by the entire Burmese people. It also pays tribute to the memory of Sayagyi U Pe Maung Tin, the great scholar of Pali, Burmese and English Languages.

As these two "Early Sermons" contain the essence of the Buddha's teachings, many hands in various lands have attempted to translate them into their own vernaculars, Ledi Sayadaw's translation, by common acclaim is the best among Burmese translation. Sayagyi U Pe maung Tin, guided by the Ledi Sayadaw's work, making as his base the two translations into English of the great Western Scholars, Dr. F. L. Wood ward and Dr. Miss I. B. Horner, and using his own vast knowledge of the Pali Language has produced this translation which in my humble opinion is the best yet in English.

In publishing this book at an enormous cost in money, labour and time, U Tha Win has accomplished yet another deed of merit for which all Gods and Human Beings will say "SADHU, SADHU, SADHU"

Maung Htin Aung

St. Antony's College,
Oxford.

Dr. Htin Aung succeeded Dr. Pe Maung Tin as principal University College Rangoon in 1945. He was appointed Rector of the University of Rangoon in 1946, and was elected Vice Chancellor in 1959. He is the author of Burmese Drama (Oxford, 1937), Burmese Folk- Tales (oxford, 1948) Elements in Burmese Buddhism (oxford, 1962) Burmese Monk's Tales (Columbia, 1966), A History of Burma, (Columbia, 1967) etc.

http://www.dhammadownload.com

## A NOTE OF GRATITUDE

Homage to the Exalted one, The Buddha Dhamma and Sanga
I lift up my hands in homage to the Venerable
Ledi Sayadaw, Master of our Gratitude.

The Venerable Ledi Sayadaw, the Master of our Gratitude (1846-1923), while residing at the Ledi Monastery, Monywa, in the year 1894, which marked the attainment of the 28th year of his Bhikkhu hood, translated the two earliest Sermons of the Buddha, Dhamma Cakkappavattana Sutta and Anattalakkhana Sutta in precise, concise and clear Burmese, In the year 1973, Sayagyi U Pe Maung Tin completed his English Translation of the Sermons, using the Venerable Ledi Sayadaw's Translation as his guide and his great knowledge of the Pali language as his base.

Thus after some 80 years since it was first written, the Venerable Ledi Sayadaw's great translation will become known to the outside world. Sayagyi U Pe Maung Tin's Translation appears at a time when many English Translations of the Buddhist Scriptures are being published as the result of the endeavours to propagate Buddhist Literature to the world, by "International Buddha Sāsana Society" which was founded at Mandalay in 1913 with the venerable Ledi Sayadaw himself as the Chief Patron. U Pe Maung Tin's work will serve as another ferry bridge for people to cross over the sea of ignorance to the shore of bright knowledge.

This present work of propagating the Buddhist Scriptures to the world, will add two index cards to the 3 index cards of the Venerable Ledi Sayadaw's works up to 1923, and similarly add two index cards to the 25 index cards of Sayagyi U Pe Maung Tin's works up to 1928, in the library of the British Museum and in other great libraries of the world. This should be a source of joy pride to the Burmese people.

http://www.dhammadownload.com


Sayagyi U Pe Maung Tin, while translating with great care and enthusiasm, said to me "look here, man, what a charming translator the Venerable Ledi Sayadaw was I was puzzled by his addition of the word repeated to birth as the Pali original spoke only of birth. Later I found the phrase "Dukkha Jāti Punna Punam" in 'Anakajāti Samsāram'. Only then did I understand and appreciate the Sayadaw's Translation. The great Sayadaw was preaching to us that the suffering of birth does not occur only once, but is repeated many time over as long as we remain in the thirty one planes of existence". While reading over the Venerable Ledi Sayadaw's Translation, Sayagyi often exclaimed, "How valuable! How wonderful!"

I remember a particular day, the 19th February 1973. Sayagyi U Pe Maung Tin was translating the following passage, Idaṁ Dukkham Ariya Saccanti me Bhikkhave. (ဤ တောဘ္မက ဝဋ်တရားဟူသည် ဆင်းရဲစင်စစ် အမှန်ဖြစ်သော အရိယာသစ္စာကြီးတစ်ပါးဟူ၍ "That, This is the Noble Truth of Suffering") He made me read repeatedly the passage together with the sentences preceding and the sentences following the words". "ဟူ၍" He also made me read repeatedly the relevant passage in the translations made by other great Sayadaw's. After every reading by me, he paused and pondered, and then made me read again. No further translation was done, on that day. In the evening, after taking dinner at my house as was his habit, he went home, but the words "ဟူ၍" kept troubling him. So he crossed over to the University Estate, and walking to and fro, he thought over the problem. Sometimes feeling tired, he sat on a bench under the "gangaw" trees and contemplated upon the words "ဟူ၍" asking himself, "What is ဟူ၍" "What does it signify?" But he found no answer. The words "ဟူ၍" seemed to have entered his heart and taken control of his whole being. While walking, while sitting, while lying down until he went to bed the two words obsessed him.

An hour after midnight he suddenly solved the meaning of the two words, and his heart became free of their thrall. He started to recite aloud the solution and he became conscious of what he was doing only when his wife Daw Kyi Kyi protested, "please recite those Pali words when you reach U Tha Win's house in the morning. For to night, please try to sleep" The following morning he told me in detail the drama of his solving the meaning of the two words and of the joy and ecstasy that he experienced on at last understanding Venerable Ledi Sayadaw's purpose in using these two particular words.

http://www.dhammadownload.com


From that morning onwards, *"like water being poured from a jug or a cat chewing shrimps" he continued his translation which flowed without stop or pause, and I can remember vividly how difficult it was for me to keep pace with his rapid dictation. The same evening he completed the entire translation of the 2 Sermons and inscribed on the manuscript the memorable date of 20th February 1973.

Then Sayagyi U Pe Maung Tin Proceeded to translate the Sangha Raja (Primate) Maungdaung Sayadaw's "Ode of Extolation and Prayer to the Shwedagon Pagoda, Depository of the Sacred Hair Relics". It contained 12 stanzas and was written in 1873. Afterwards he decided to translate the "Vicitra Vundanā" written by the First Primate of the Shwegyin Sect in 1883. He decided to do so because not a single copy of his Pali Teacher, Professor James Grey's Translation of the work had survived. But he had finished translating only 55 of the 75 stanzas when on 22nd March 1973, one month before his 86 birthday, death overtook him illustrating the truth of his translation from the Pali Sutta "Maranampi Dukkham" and experiencing the suffering of death. Now I will kneel down and pay homage to our benefactor Sayagyi U Pe Maung Tin, a man of noble character as if he were absolutely free from the defilement of greed, anger, ignorance and pride.

He with his ever present desire to share his great knowledge and intellectual experience with his pupils, in fact, with all and sundry, Lit his own torch of translation from the Venerable Ledi Sayadaw's brightly burning torch, and held it high so as to light the path of all Buddhists who wish to reach the Beacon light of the Early Sermons and Bask in its radiant glory. I acclaim with joy and gratitude Sayagyi U Pe Maung Tin's deed of merit in helping to set up the great torch of the Early two Sermons, making it shine in all its glory in the world. Ahopamoditam How happy it is! How happy it is!.

On one occasion, I went along with Sayagyi to pay our respects to the Pahtamagyaw Agga Mahapanditta, Lectural in Abhidamma, Venerable U Thittila Sayadaw, and he and the venerable Syadaw discussed the translation. On our way back, Sayagyi U Pe Maung Tin charged me to take his translation when completed to Sayadaw U Thittila for perusal and correction whenever neceessary. Accordingly, afterwards I took the necessary. Accordingly, afterwards I took the com-

Note:* Burmese Proverb "Kayayethun Kyaungpazunsa Kyut Kyut Wa"
ကရားရေသွန် ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါး

http://www.dhammadownload.com


pleted manuscript to the Sayadaw and narrated to him the full story of the translation.

The Sayadaw commented:

"From your account, I feel certain that Sayagyi' good Kamma was at the ascendent. Many old Sayadaw's in the past grasped the true Dhamma by studying Dhamma Cakkappavattana Sutta in their last days on this earth".

I believe and pray that the Sayagyi's Kamma was in the ascendant.

I may now express my thanks to those who assited me in various ways to get the present book published. I lift up my hand in homage to Master of my Gratitude the venerable U Thittila Sayadaw for procuring all the reference works required by U Pe maung Tin, and for writing a preface and editing the manuscript, I lift up my hands and pay homage to my parents and to my teachers.

http://www.dhammadownload.com

## PREFACE

Sometime ago U Tha Win told me that he had a desire to publish the Buddha's two early Sermons delivered at the Deer Park, and adopted at the Sixth Buddhist Council, Rangoon, as well as their Burmese translation by the late Venerable Ledi Syadaw, known to the world of Buddhists as Dr. Ledi He also asked me if I would co-operate by translating the Sermons into English. I agreed to do so. The present translation into English is the result of my comparative study of the Burmese translation and English translations by the two scholars the late F. L Woodward and Dr. Miss Horner, president of the Pali Text Society.

I thank U Tha Win for helping me in various ways to make my translation possible. Not content with looking after old people, he has now started to spread the Buddha Dhamma through the printed word. Great verily in his merit.

http://www.dhammadownload.com

http://www.dhammadownload.com

# ဓမ္မစက္ကပ္ပဝတ္တနသုတ္တ

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

(၁)

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ
ဝိဟရတိ ဣသိပတနေ မိဂဒါယေ
တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ[1]
ဘိက္ခူ အာမန္တေသိ

(၂)

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန[2]
န သေဝိတဗ္ဗာ

ကတမေ ဒွေ
ယော စာယံ ကာမေသု ကာမသုခလ္လိကာ[3] နုယောဂေါ
ဟီနော ဂမ္မော ပေါထုဇ္ဇနိကော
အနရိယော အနတ္ထသံဟိတော

---

၁။ ပဉ္စဝဂ္ဂိယ ။ ။ *Pañca Vaggiya* - The group of five ascetics; The Buddha's old colleagues, the five Brahmans who accompanied Buddha when he became an ascetic are called "Pañca Bhikkū". Their names are Aññākondañña, Bhaddiya, Vappa, Assaji, Mahanama. P.T.S (D) p 389. C (D) p 328.
ငါးယောက်အစုရှိသော

၂။ ပဗ္ဗဇိတ ။ ။ *Pabbajita* - One who has give up the world; a monk.
ရဟန်းပြုအပ်သည်၊ ရဟန်း

၃။ ကာမသုခ ။ ။ *Kāmasukha* - Happiness arising from sensual pleasures.
ကာမဂုဏ်ချမ်းသာ

http://www.dhammadownload.com



ယောစာယံ အတ္တကိလမထာ[၁] နယောဂေါ
ဒုက္ခော[၂] အနရိယော အနတ္ထ သံဟိတော

(၃)

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ
မဇ္ဈိမာ ပဋိပဒါ[၃] တထာဂတေန အဘိသမ္ဗုဒ္ဓါ

စက္ခုကရဏီ
ဉာဏ ကရဏီ
ဥပသမာယ
အဘိညာယ
သမ္ဗောဓာယ
နိဗ္ဗာနာယ[၄] သံဝတ္တတိ

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ
တထာဂတေန အဘိသမ္ဗုဒ္ဓါ

စက္ခုကရဏီ
ဉာဏကရဏီ
ဥပသမာယ
အဘိညာယ
သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ
အယမေဝ အရိယော အဋ္ဌင်္ဂိကော[၅] မဂ္ဂေါ

---

၁။ **အတ္တကိလမထ**။ ။ ***Attakilamatha*** - Self-torment, self-mortification.
ကိုယ်၏ပင်ပန်းခြင်း

၂။ **ဒုက္ခ** ။ ။ ***Dukkha*** - Suffering, pain, misery, agony, conflict, unsatisfactoriness.
ဆင်းရဲသည်၊ ကိုယ်၏ဆင်းရဲခြင်း

၃။ **မဇ္ဈိမာ ပဋိပဒါ**။ ။ ***Majjhimā - patipadā*** - Middle course, Middle path.
အလယ်အလတ်ဖြစ်သောအကျင့်

၄။ **နိဗ္ဗာန** ။ ။ ***Nibbāna*** - Extinction -departure from carving, the final bliss.
ငြိမ်းခြင်း၊ တပ်မက်ခြင်းတဏှာမှ လွတ်မြောက်ခြင်း

၅။ **အရိယ အဋ္ဌင်္ဂိက မဂ္ဂ** ။ ။ ***Ariya - attangika magga*** – The Noble Eightfold path.
မြတ်သော မဂ္ဂင်ရှစ်ပါးတရား

http://www.dhammadownload.com



သောယျထိဒံ
သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပေါ
သမ္မာဝါစာ
သမ္မာကမ္မန္တော
သမ္မာအာဇီဝေါ
သမ္မာဝါယာမော
သမ္မာသတိ
သမ္မာသမာဓိ။
အယံ ခေါသာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ
တထာဂတေန အဘိသမ္ဗုဒ္ဓါ

စက္ခုကရဏီ
ဉာဏကရဏီ
ဥပသမာယ
အဘိညာယ
သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ

(၄)

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ
ဇာတိပိ ဒုက္ခာ
ဇရာပိ ဒုက္ခာ
ဗျာဓိပိ ဒုက္ခော
မရဏံပိဒုက္ခံ
အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော
ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ[၁] ဒုက္ခာ

၁။ * ပဉ္စုပါဒါနက္ခန္ဓာပိ (မူကွဲ)

http://www.dhammadownload.com



(၅)

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ[၁]
အရိယသစ္စံ
ယာယံ တဏှာ[၂] ပေါနောဗ္ဘဝိကာ*
နန္ဒီရာဂသဟဂတာ** တတြတတြာဘိနန္ဒိနီ

သေယျထိဒံ
ကာမတဏှာ[၃]
ဘဝတဏှာ[၄]
ဝိဘဝတဏှာ[၆]

(၆)

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ
အရိယသစ္စံ
ယော တဿာယေဝ တဏှာယ
အသေသဝိရာဂနိရောဓော

---

၁။ သမုဒယ ။ ။ *Samudaya* – uprising (origin of dukkha, the Second Noble Truth.)
ဖြစ်ပေါ်ခြင်း၊ဖြစ်ကြောင်း

၂။ တဏှာ ။ ။ *Tanhā* – craving, thirst, desire
တပ်မက်မောခြင်း၊ ရေသိပ်ခြင်း၊ တောင့်တခြင်း

၃။ ကာမတဏှာ။ ။ *Kāma Tanhā* – craving for sense - pleasures.
ကာမဂုဏ်၌တပ်ခြင်း

၄။ ဘဝတဏှာ ။ ။ *Bhava Tanhā* – craving for existence. Craving which is connected with the eternity view, the belief that an eterna1l self continues after death.
ဘဝ၌တပ်မက်သောတဏှာ

၅။ သဿတဒိဋ္ဌိ ။ ။ *Sassataditthi* – A desire for an eternity of existence. Eternalism.
အတ္တလောကသည် မြဲ၏ ဟူသောအယူ

၆။ ဝိဘဝတဏှာ ။ ။ *Vibhava Tanhā* – craving for nonexistenc1e. Craving which is connected with the self-annihilation view, the belief that the temporary self will be annihilated at death.
ဘဝကင်းခြင်း၌တပ်ခြင်း

၇။ ဥစ္ဆေဒဒိဋ္ဌိ ။ ။ *Ucchedaditthi* – A desire for annihilation in the very first form of existence. Belief in the annihila tion of the soul.
ဘဝပြတ်လတ္တံ့ဟူသောအယူ

* ပေါနောဘဝိကာ (မှုကွဲ) ** နန္ဒီရာဂသဟဂတာ (မှုကွဲ)

http://www.dhammadownload.com


စာဂေါ
ပဋိနိဿဂ္ဂေါ
မုတ္တိ
အနာလယော

(၇)

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ
ဂါမိနီ ပဋိပဒါ အရိယသစ္စံ
အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ

သေယျထိဒံ
သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပေါ
သမ္မာဝါစာ
သမ္မာကမ္မန္တော
သမ္မာ အာဇီဝေါ

---

၁။ တေဘုမ္မက ။ ။ *Tebūmaka* – Belonging to the three bhūmis or stages of being (viz: Kāmāvacara-bhūmi, Rūpāvacara - bhūmi, Arūpāvacara bhūmi.)
ဘုံသုံးပါး၌ဖြစ်သော

တေဘုမ္မကဝဋ္ဋ ။ ။ *Tebhūmaka Vaṭṭam* – Existence in the three stages of being.
ဘုံသုံးပါး၌ဖြစ်သော ဝဋ်တရား

၂။ စက္ခု– စက္ခုံ ။ ။ *Cakkhu, cakkhun* – The eye, insight, perception, supernatural insight or knowledge.
မျက်စိ

မံသ စက္ခု (ပကတိမျက်စိ) *Mansa-cakkhu* – The natural eye; the physical eye which is said to be exceptionally powerful and sensitive.

ဒိဗ္ဗစက္ခု (နတ်မျက်စိရှိသည်) *Dibba-Cakkhu* – The divine eye, the deva- eye, the eye of a seer, all provilding and seeing all that proceeds in hidden world.

ပညာစက္ခု (ပညာမျက်စိ) *Paññā Cakkhu* – The eye of wisdom; he who knows all that can be known, i.e of perfect understanding.

ဗုဒ္ဓစက္ခု (ဘုရားမျက်စိတော်) *Buddha- cakkhu*– The eye of Buddha or a complete intuition, i.e, of a person who "sees the heart of man."

သမန္တစက္ခု (ပတ်ဝန်းကျင်ကို မြင်သောမျက်စိ) *Samanta-cakkhu*– The eye of all round knowledge, The eye of Tathagata, of a being perfected in all wisdom.

သမ္မာဝါယာမော
သမ္မာသတိ
သမ္မာသမာဓိ

(၈)

**"ဣဒံ ဒုက္ခံ အရိယသစ္စ"န္တိမေ ဘိက္ခဝေ**
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၉)

**"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ**
**ပရိညေယျ"န္တိ**မေ ဘိက္ခဝေ ပုဗ္ဗေ
အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၁၀)

**"တံ ခေါ ပနိဒံ အရိယသစ္စံ**
**ပရိညာတ"န္တိမေ ဘိက္ခဝေ** ပုဗ္ဗေ
အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

http://www.dhammadownload.com


(၁၁)

**"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စံ" န္တိ မေ**
ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၁၂)

**"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗံ"** န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ
အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၁၃)

**"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနံ"** န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ
အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၁၄)

**"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စံ"** န္တိ မေ
ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု

ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၁၅)

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ**မေ ဘိက္ခဝေ ပုဗ္ဗေ
အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၁၆)

**"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ** မေ ဘိက္ခဝေ ပုဗ္ဗေ
အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၁၇)

**"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ** မေ ဘိက္ခဝေ ပုဗ္ဗေ
အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ

http://www.dhammadownload.com


ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၁၈)

**"တံ ခေါပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ"** န္တိမေ ဘိက္ခဝေ
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၁၉)

**"တံ ခေါပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"** န္တိမေ
ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
ဓမ္မေသု
စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ
ပညာ ဥဒပါဒိ
ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ

(၂၀)

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု
စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ
ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ
န သုဝိသုဒ္ဓံ အဟောသိ

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ
လောကေ သမာရကေ သဗြဟ္မကေ
သဿမဏဗြာဟ္မဏိယာ ပဇာယ
သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ
အဘိသမ္ဗုဒ္ဓေါ" တိ ပစ္စညာသိံ

http://www.dhammadownload.com


(၂၁)

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု
အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ
ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ
သာမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ
ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ
သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ" တိ ပစ္စညာသိံ

(၂၂)

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ
"အကုပ္ပါ မေ ဝိမုတ္တိ* အယမန္တိမာ
ဇာတိ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"တိ

(၂၃)

ဣဒ မဝေါစ ဘဂဝါ

အတ္တမနာ ပဉ္စ ဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော
ဘာသိတံ အဘိနန္ဒုန္တိ

(၂၄)

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ
ဘညမာနေ
အာယသ္မတော ကောဏ္ဍညဿ
ဝိရဇံ
ဝီတမလံ
ဓမ္မစက္ခုံ
ဥဒပါဒိ

---

* စေတောဝိမုတ္တိ (မူကွဲ)

၁။ **ဝေယျာကရဏ** ။ ။ *Veyyākarana* – Answer, Explanation, exposition.
ဖြေဆိုခြင်း၊ ဖြေကြားခြင်း၊ ဟောကြားခြင်း
ဂါထာမရှိ၊ အမေးအဖြေနှင့်တကွသော ဂါထာမဖက်၊ စုဏ္ဏိယသက်သက်ဖြစ်သောတရား

http://www.dhammadownload.com


"ယံကိဉ္စိ သမုဒယဓမ္မံ၊
သဗ္ဗံ တံ နိရောဓ ဓမ္မ"န္တိ

(၂၅)

ပဝတ္တိတေ စ ပန* ဘဂဝတာ ဓမ္မစက္ကေ
ဘုမ္မာ** ဒေဝါ သဒ္ဒမနုဿာဝေသုံ

"ဧတံ ဘဂဝတာ ဗာရာဏသိယံ
ဣသိ ပတနေ မိဂဒါယေ အနုတ္တရံ
ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိ ဝတ္တိယံ
သမဏေန ဝါ ဗြာဟ္မဏေန ဝါ
ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာ ဝါ
ကေနစိ ဝါ လောကသ္မိံ" တိ

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာ
ရာဇိကာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ "............"
စာတု မဟာရာဇိကာ ဒေဝါ "............"
တာဝတိံသာ ဒေဝါ "............"
ယာမာ ဒေဝါ "............"
တုသိတာ ဒေဝါ "............"
နိမ္မာနရတိ ဒေဝါ "............"
ပရနိမ္မိတဝ သဝတ္တီ ဒေဝါ "............"
ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ

"ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ
မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိ
ဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန
ဝါ မာရေနဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ
လောကသ္မိံ"တိ

---

* ပန (အချို့မူ၌မပါ)
** ဘုမ္မာ (မူကွဲ)

http://www.dhammadownload.com


ဣတိဟ တေန ခဏေန တေန လယေန တေန
မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ
အဗ္ဘုဂ္ဂစ္ဆိ*

(၂၆)

အယဉ္စ ဒသသဟဿီ လောကဓာတု
သံကမ္ပိ
သမ္ပကမ္ပိ
သမ္ပဝေဓိ

(၂၇)

အပ္ပမာဏော စ ဥဠာရော ဩဘာသော
လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ
ဒေဝါနုဘာဝန္တိ**

(၂၈)

အထခေါ ဘဂဝါ ဣမံ*** ဥဒါနံ
ဥဒါနေသိ
"အညာ[၁]သိ ဝတ ဘော ကောဏ္ဍညော
အညာသိ ဝတ ဘော ကောဏ္ဍညော"တိ
ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ
အညာသိ ကောဏ္ဍညောတွေဝ
နာမံ အဟောသိ

(၂၉)

အထ ခေါ အာယသ္မာ အညာသိ ကောဏ္ဍညော

ဒိဋ္ဌဓမ္မော
ပတ္တဓမ္မော
ဝိဒိတဓမ္မော
ပရိယောဂါဠ္ဟဓမ္မော
တိဏ္ဏဝိစိကိစ္ဆော

---

၁။ အညာ ။ ။ *Aññā* – Perfect Knowledge Arahantship, Arahattaphala
သိခြင်း၊ ရဟန္တာ၏အဖြစ်၊ အရဟတ္တဖိုလ်
* အဗ္ဘုဂ္ဂစ္ဆတိ (မူကွဲ)
** ဒေဝါနုဘာဝံ (မူကွဲ)၊ *** ဣမံ (အချို့မူ၌ မပါ)

http://www.dhammadownload.com


ဝိဂတကထံကထော

ဝေသာရဇ္ဇပ္ပတ္တော

အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ

ဧတဒဝေါစ

"လဘေယျာဟံ ဘန္တေ ဘဂဝတော

သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒ" န္တိ

(၃၀)

"ဧဟိ ဘိက္ခူ" တိ ဘဂဝါ အဝေါစ

"သွာက္ခာတော ဓမ္မော စရ ဗြဟ္မစရိယံ

သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ

သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ

အဟောသိတိ

ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com

# အနတ္တလက္ခဏသုတ္တ

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ**

(၁)

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ
ဝိဟရတိ ဣသိပတနေ မိဂဒါယေ
တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ
ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ
"ဘဒ္ဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော
ပစ္စဿောသုံ၊
ဘဂဝါ ဧတ ဒဝေါစ

(၂)

ရူပံ[၁] ဘိက္ခဝေ အနတ္တာ
ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ
နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ
လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု
ဧဝံ မေ ရူပံ မာ အဟောသီ"တိ
ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံအနတ္တာ
တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ
န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု
ဧဝံ မေ ရူပံ မာ အဟောသီ"တိ

---

၁။ ရူပ ။ ။ ***Rūpa*** – Matter, principle of form, figure, shape, image, object of the eye, appearance.
ရုပ်၊ သရုပ်သဘော၊ အဆင်း၊သဏ္ဌာန်

http://www.dhammadownload.com


(၃)

ဝေဒနာ[၁] အနတ္တာ
ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ
နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ
လဗ္ဘေထ စ ဝေဒနာ ယ "ဧဝံ မေ ဝေဒနာ
ဟောတု ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ
ယသ္မာစ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ
တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ
န စ လဗ္ဘတိ ဝေဒနာယ "ဧဝံ မေ ဝေဒနာ
ဟောတု ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ

(၄)

သညာ[၂] အနတ္တာ
သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ
အဘဝိဿ နယိဒံ သညာ အာဗာဓာယ
သံဝတ္တေယျ
လဗ္ဘေထ စ သညာယ "ဧဝံ မေ သညာ
ဟောတု ဧဝံ မေ သညာ မာ အဟောသီ"တိ
ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ
တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ
န စ လဗ္ဘတိ သညာယ "ဧဝံ မေ သညာ
ဟောတု ဧဝံ မေ သညာ မာ အဟောသီ"တိ

(၅)

သင်္ခါရာ[၃] အနတ္တာ
သင်္ခါရာစ ဟိဒံ ဘိက္ခဝေ အတ္တာ
အဘဝိဿံသု နယိဒံ သင်္ခါရာ

---

၁။ **ဝေဒနာ** ။ ။ **Vedana** – **Feeling, sensation, pain, suffering**
ခံစားခြင်း

၂။ **သညာ** ။ ။ **Saññā** – **Perception, mark, recognition**
မှတ်ခြင်း၊ အာရုံ၏သဘောကိုမှတ်ခြင်း

၃။ **သင်္ခါရ** ။ ။ **Sankhāra** – **Mental formation, essential condition, mental coefficients.**
ပြုပြင်စီရင်တတ်သော အကြောင်းတရား

http://www.dhammadownload.com


အာဗာဓာယ သံဝတ္တေယျုံ
လဗ္ဘေထ စ သင်္ခါရေသု “ဧဝံ မေ သင်္ခါရာ
ဟောန္တု ဧဝံ မေ သင်္ခါရာ မာ အဟေသု”န္တိ
ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ
အနတ္တာ တသ္မာ သင်္ခါရာ အာဗာဓာယ
သံဝတ္တန္တိ
န စ လဗ္ဘတိ သင်္ခါရေသု “ဧဝံ မေ
သင်္ခါရာ ဟောန္တု ဧဝံ မေ သင်္ခါရာ
မာ အဟေသု”န္တိ

(၆)

ဝိညာဏံ[၁] အနတ္တာ
ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ
အဘဝိဿ နယိဒံ ဝိညာဏံ အာဗာဓာယ
သံဝတ္တေယျ
လဗ္ဘေထ စ ဝိညာဏေ “ဧဝံ မေ ဝိညာဏံ
ဟောတု ဧဝံ မေ ဝိညာဏံ မာ အဟောသီ”တိ
ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ
တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ
န စ လဗ္ဘတိ ဝိညာဏေ “ဧဝံ မေ
ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ
မာ အဟောသီ”တိ

(၇)

တံ ကိံ မညထ ဘိက္ခဝေ
ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ
အနိစ္စံ ဘန္တေ
ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ
ဒုက္ခံ ဘန္တေ
ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ
ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ

---

၁။ **ဝိညာဏ** ။ ။ ***Viññana*** – Consciousness
အထူးသဖြင့်သိခြင်း၊ အာရုံကိုသိခြင်း ဝိညာဏ်

http://www.dhammadownload.com


မမ သော ဟမသ္မိ သော မေ
အတ္တာ”တိ
နော ဟေတံ ဘန္တေ

(၈)

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ
အနိစ္စာ ဘန္တေ
ယံ ပနာနိစ္စံ ဒုက္ခံ ဝါ သုခံ ဝါတိ
ဒုက္ခံ ဘန္တေ
ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ
ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ
မမ သော ဟမသ္မိ သော မေ
အတ္တာ”တိ
နော ဟေတံ ဘန္တေ

(၉)

သညာ နိစ္စာ ဝါ အနိစ္စာ ဝါတိ
အနိစ္စာ ဘန္တေ
ယံ ပနာ နိစ္စံ ဒုက္ခံ ဝါတံ သုခံ ဝါတိ
ဒုက္ခံ ဘန္တေ
ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ
နု တံ သမနုပဿိတုံ “ဧတံ မမ
သော ဟမသ္မိ သော မေ
အတ္တာ”တိ
နော ဟေတံ ဘန္တေ

(၁၀)

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါတိ
အနိစ္စာ ဘန္တေ
ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ
ဒုက္ခံ ဘန္တေ
ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ
ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ

http://www.dhammadownload.com


မမ ဧသော ဟမသ္မိ ဧသော မေ
အတ္တာ"တိ
နော ဟေတံ ဘန္တေ

(၁၁)

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ
အနိစ္စံ ဘန္တေ
ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ
ဒုက္ခံ ဘန္တေ
ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ
ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ
မမ ဧသောဟမသ္မိ ဧသော မေ
အတ္တာ"တိ
နော ဟေတံ ဘန္တေ

(၁၂)

တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ
အတီတာ နာဂတ ပစ္စုပ္ပန္နံ
အဇ္ဈတ္တံဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကံ ဝါ သုခုမံ ဝါ
ဟီနံ ဝါ ပဏီတံ ဝါ
ယံ ဒူရေ သန္တိကေ ဝါ
သဗ္ဗံ ရူပံ "နေတံ မမ နေသောဟမသ္မိ န
မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ
သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ

(၁၃)

ယာ ကာစိ ဝေဒနာ
အတီတာ နာဂတ ပစ္စုပ္ပန္နာ
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကာ ဝါ သုခုမာ ဝါ
ဟီနာ ဝါ ပဏီတာ ဝါ
ယာ ဒူရေ သန္တိကေ ဝါ

http://www.dhammadownload.com



သဗ္ဗာ ဝေဒနာ
"နေတံ မမ နေသော ဟမသ္မိ
န မေသောအတ္တာ"တိ
ဧဝမေတံ
ယထာဘူတံ
သမ္မပ္ပညာယ
ဒဋ္ဌဗ္ဗံ

(၁၄)

ယာ ကာစိ သညာ
အတီတာ နာဂတ ပစ္စုပ္ပန္နာ
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကာ ဝါ သုခုမာ ဝါ
ဟီနာ ဝါ ပဏီတာ ဝါ
ယာ ဒူရေ သန္တိကေ ဝါ
သဗ္ဗာ သညာ "နေတံ မမ နေသောဟမသ္မိ
န မေသော အတ္တာ"တိ ဧဝ မေတံ
ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ

(၁၅)

ယေ ကေစိ သင်္ခါရာ
အတီတာ နာဂတ ပစ္စုပ္ပန္နာ
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကာ ဝါ သုခုမာ ဝါ
ဟီနာ ဝါ ပဏီတာ ဝါ
ယေ ဒူရေ သန္တိကေဝါ
သဗ္ဗေ သင်္ခါရာ "နေတံ မမ
နေသောဟမသ္မိ န မေသော
အတ္တာ"တိ ဧဝမေတံ
ယထာဘူတံ သမ္မပ္ပညာယ
ဒဋ္ဌဗ္ဗံ

http://www.dhammadownload.com



(၁၆)

ယံ ကိဉ္စိ ဝိညာဏံ
အတီတာ နာဂတ ပစ္စုပ္ပန္နံ
အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ
ဩဠာရိကံ ဝါ သုခုမံ ဝါ
ဟီနံ ဝါ ပဏီတံ ဝါ
ယံ ဒူရေ သန္တိကေ ဝါ
သဗ္ဗံ ဝိညာဏံ "နေတံ မမ
နေသောဟမသ္မိ န မေသော
အတ္တာ"တိ ဧဝမေတံ
ယထာဘူတံ သမ္မပ္ပညာယ
ဒဋ္ဌဗ္ဗံ

(၁၇)

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ
အရိယ သာဝကော
ရူပသ္မိံပိ နိဗ္ဗိန္ဒတိ
ဝေဒနာယပိ နိဗ္ဗိန္ဒတိ
သညာယပိ နိဗ္ဗိန္ဒတိ
သင်္ခါရေ သုပိ နိဗ္ဗိန္ဒတိ
ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ
နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ
ဝိရာဂါ[၁] ဝိမုစ္စတိ
ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ[၂]
ဉာဏံ ဟောတိ
ခီဏာ ဇာတိ
ဝုသိတံ ဗြဟ္မစရိယံ

---

၁။ ရာဂ ။ ။ *Ruga* – Hue, dye, Lust, attachment
ဆိုးရည်၊ တပ်စွန်းခြင်း၊ တပ်မက်မောခြင်း
ဝိရာဂ ။ ။ *Virāga* – Absence of desire or human passion, dispassionateness, Arahantship, often nearly synonymous with Nibbāna.
ရာဂ၌ မတပ်သည်

၂။ ဝိမုတ္တမိတိ (မှုကွဲ)

http://www.dhammadownload.com


ကတံ ကရဏီယံ
နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ

(၁၈)

ဣဒမဝေါစ ဘဂဝါ
အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ
ဘဂဝတော ဘာသိတံ အဘိနန္ဒုံ
ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ
ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ
အနုပါဒါယ[1] အာသဝေဟိ
စိတ္တာနိ ဝိမုစ္စိံ သူတိ

အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ

---

၁။ အနုပါဒါယ ။ ။ Anupādāya – Not clinging; free from attachment to the world.
အာရုံ၌ မစွဲလမ်းမှု၍
တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမှု၍

http://www.dhammadownload.com

# ဓမ္မစကြာသုတ်

ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်းဖြစ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သစ္စာဒေသနာ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူပေထသော ဣသိပတန၊ ဓမ္မယသ၊ သီရိကာမပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဘုရားတပည့်တော်တို့၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်းဘုရား။

## (၁)

တစ်ပါးသောအခါ၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဗာရာဏသီ နေပြည်တော်ကြီး၏အနီး၌ ရှေးခါခေတ်ဟောင်း ရသေ့သူမြတ်အပေါင်းတို့၏ သက်ဆင်းရာ သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော မိဂဒါဝုန်တောကြီး၌ သီတင်း သုံးနေတော်မူ၏။

ထိုသို့ သီတင်းသုံးနေတော်မူသောအခါ၌ မြတ်စွာဘုရားသည် ကောဏ္ဍည အမှူးငါးဦး အစုအဝေးရှိကုန်သော ရဟန်းတို့ကို ခေါ်တော်မူ၏။

## (၂)

ချစ်သားရဟန်းတို့ သာသနာတော်ထမ်း ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် နှစ်ပါးကုန်သော အစွန်းသမုတ် အယုတ်ခေါ်ငြား ဤတရားတို့ကို မမှီဝဲအပ်ကုန်။ (အစွန်းအယုတ်ဟု သမုတ်အပ်ကုန်သော) တရားနှစ်ပါးတို့သည် အဘယ်တရားတို့နည်း။ (ချစ်သားရဟန်းတို့) ယုတ်မာသော ရွာသူရွာသား၊ မြို့သူမြို့သားတို့၏ လက်ကိုင်ဖြစ်သော ပုထုဇဉ်သတ္တဝါတို့၏ အလေ့အမူအရာ ဖြစ်သော အရိယာပုဂ္ဂိုလ်တို့နှင့်မဆိုင်သော အကျိုးတစ်စုံတစ်ရာနှင့် မစပ်ယှဉ်သော လောကီအာရုံ ကာမဂုဏ်တို့၌ ကာမချမ်းသာကို သာယာတပ်ငြား လိုက်စားအားထုတ်မှုဟု ဆိုအပ်သော အကြင် အစွန်းသမုတ် အယုတ်တရားမျိုးသည်လည်း ရှိလေ၏။

ကိုယ်ချမ်းသာမဖက် ဆင်းရဲမှုသက်သက်မျှသာဖြစ်သော အရိယာပုဂ္ဂိုလ်တို့နှင့် မဆိုင်သော အကျိုးတစ်စုံတစ်ရာနှင့်မစပ်ယှဉ်သော ရေချိုး၊ မီးလှုံ၊ ဆူးပုံ၌အိပ်ခြင်း အစရှိသည့် မိမိကိုယ် ပင်ပန်းအောင်သာ လွန်စွာကြိုးပမ်းလေ့ရှိသော အကြင် အစွန်းသမုတ် အယုတ်တရားမျိုးသည်လည်း ရှိလေ၏။

http://www.dhammadownload.com


(၃)

ချစ်သားရဟန်းတို့ စင်စစ်နှစ်ပါးကုန်သော ထိုအစွန်းသမုတ် အယုတ်တရားတို့ကို မကပ်မရောက်မူ၍ ငါဘုရားသည် အကြင် အလယ်လမ်းဟုဆိုအပ်သော အကျင့်မြတ်ကို သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်လေပြီ။

(ထိုအလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်သည်) သစ္စာလေးပါးကို မြင်စေနိုင်ဘိသော ပညာမျက်စိကိုလည်း ပြုပြင်စီရင်တတ်ပေ၏။

အသိဉာဏ်ပွင့်လင်းမှုကိုလည်း ပြုပြင်စီရင်တတ်ပေ၏။

ကိလေသာမီး အပြီးချုပ်ငြိမ်းစေခြင်းငှာ၊ ဉာဏ်ကွန့်မြူး၍ အထူးသိစေခြင်းငှာ၊ မဖောက်မပြန် မှန်ကန်ကောင်းမွန်စွာ သိစေခြင်းငှာ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေခြင်းငှာ ဖြစ်၏။

ချစ်သားရဟန်းတို့ ငါဘုရားသည် အကြင် အလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်ကို သဗ္ဗညုတ ဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်လေပြီ။

(ထိုအလယ်လမ်းဟု ဆိုအပ်သောအကျင့်မြတ်သည်။)

သစ္စာလေးပါးကို မြင်စေနိုင်ဘိသော ပညာမျက်စိကိုလည်း ပြုပြင်စီရင်တတ်ပေ၏။

ကိလေသာမီး အပြီးချုပ်ငြိမ်းစေခြင်းငှာ၊ ဉာဏ်ကွန့်မြူး၍ အထူးသိစေခြင်းငှာ၊ မဖောက်မပြန် မှန်ကန်ကောင်းမွန်စွာ သိစေခြင်းငှာ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေခြင်းငှာ ဖြစ်၏။

ထိုအလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်သည် အဘယ်နည်း။ အရိယာပုဂ္ဂိုလ်တို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဤမဂ္ဂင်ရှစ်ပါး တရားသည်ပင်လျှင်တည်း။ ဤမဂ္ဂင်ရှစ်ပါး တရားဟူသည် အဘယ်နည်း။

ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာ ပြုလုပ်ခြင်း၊ ကောင်းစွာအသက်မွေးခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာ အောက်မေ့ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်း၊ ချစ်သားရဟန်းတို့ ဤအလယ်လမ်းဟု ဆိုအပ်သော အကျင့်မြတ်ကို ငါဘုရားသည် သဗ္ဗညုတဉာဏ်တော်အလင်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်လေပြီ။

ဤအလယ်လမ်းဟု ဆိုအပ်သောအကျင့်မြတ်သည် သစ္စာလေးပါးကို မြင်စေနိုင်ဘိသော ပညာမျက်စိကိုလည်း ပြုပြင်စီရင်တတ်ပေ၏။

အသိဉာဏ်ပွင့်လင်းမှုကိုလည်း ပြုပြင်စီရင်တတ်ပေ၏။ ကိလေသာမီး အပြီးချုပ်ငြိမ်းစေခြင်းငှာ၊ ဉာဏ်ကွန့်မြူး၍ အထူးသိစေခြင်းငှာ၊ မဖောက်မပြန် မှန်ကန်ကောင်းမွန်စွာ သိစေခြင်းငှာ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းစေခြင်းငှာ ဖြစ်၏။

ချစ်သားရဟန်းတို့ ဤဆင်းရဲခြင်းသဘောဟု ဆိုအပ်သော မဖောက်မပြန် မှန်ကန်သော အရိယသစ္စာတရားသည် ရှိ၏။

(အဖန်ဖန်) ပဋိသန္ဓေနေရမှုကြီးသည်လည်း ဆင်းရဲ၏။

(အဖန်ဖန်) အိုရမှုကြီးသည်လည်း ဆင်းရဲ၏။

http://www.dhammadownload.com


(အဖန်ဖန်) နာရမှုကြီးသည်လည်း ဆင်းရဲ၏။

(အဖန်ဖန်) သေရမှုကြီးသည်လည်း ဆင်းရဲ၏။

မချစ်မနှစ်သက်အပ်ကုန်သော သူတို့နှင့်အတူတကွ ပေါင်းသင်း၍ နေရမှုကြီးသည်လည်း ဆင်းရဲ၏။

ချစ်နှစ်သက်အပ်ကုန်သော သူတို့နှင့် ကွေကွင်းခွဲခွာ၍ နေရမှုကြီးသည်လည်း ဆင်းရဲ၏။

အကြင် တောင့်တခြင်း အလိုရှိခြင်းကိုလည်းမရ၊ ထိုလိုအင်ဆန္ဒဖြင့် တောင့်တတိုင်း မရမှုကြီးသည်လည်း ဆင်းရဲ၏။

အကျဉ်းချုပ်အားဖြင့် ဥပါဒါန်တရားတို့၏ စွဲလမ်းရာဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲအစစ်တို့သာတည်း။

ချစ်သားရဟန်းတို့ ဤဆင်းရဲခြင်း၏အကြောင်းရင်းဖြစ်သော မဖောက်မပြန် မှန်ကန်သော အရိယသစ္စာတရားသည် ရှိ၏။

အကြင် သာယာနှစ်သက်မှုကြီးဟု ဆိုအပ်သော တဏှာခေတ်သည် ဘဝအသစ်အသစ်ကို တစ်ဖန် ဖြစ်စေတတ်သော သဘောရှိ၏။

နှစ်သက်ခြင်း တပ်မက်ခြင်းဖြစ်၍ နေ၏။ ထိုထိုအာရုံတို့၌ မြူးခုန်ပြေးလွှား ကျက်စား သာယာ၍နေ၏။

ဤတဏှာသည် အဘယ်နည်း။ ကာမအာရုံတို့၌ ခုံမင်တပ်မက်၍နေသော တဏှာလည်းကောင်း၊ မြဲသည်ဟု အယူရှိ၍ သဿတဒိဋ္ဌိနှင့်ယှဉ်သော တဏှာလည်းကောင်း၊ မမြဲဟု အယူရှိ၍ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော တဏှာလည်းကောင်း ဤတဏှာသဘော သုံးပါးပင်လျှင် တည်း။

ချစ်သားရဟန်းတို့ ဤဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းမှုသဘောကြီးဖြစ်သော မဖောက်မပြန် မှန်ကန်သော အရိယသစ္စာတရားသည်ရှိ၏။

ထိုတဏှာလောဘ၏သာလျှင် အကြင်အကြွင်းမဲ့ ပယ်ပျောက်ချုပ်ဆုံးမှုသည်လည်း ကောင်း၊ အကြင် စွန့်လွှတ်မှုသည်လည်းကောင်း၊ အကြင် ကျွတ်လွှတ်ထွက်မြောက်မှုသည်လည်း ကောင်း၊ အကြင်မငြိမကပ်မှုသည်လည်းကောင်း (ဤနိဗ္ဗာန်သဘောတရားကြီး ပင်လျှင်တည်း။)

(၇)

ချစ်သားရဟန်းတို့ ဤ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းမှု နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်းအကျင့် မြတ်သဘောကြီးဖြစ်သော မဖောက်မပြန်မှန်ကန်သော အရိယသစ္စာတရားသည် ရှိ၏။

အရိယာပုဂ္ဂိုလ်တို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဤမဂ္ဂင်ရှစ်ပါးတရားသည်ပင်လျှင်တည်း။ (ဤမဂ္ဂင်ရှစ်ပါး တရားဟူသည်) အဘယ်နည်း။

ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာ အသက်မွေးခြင်း၊ ကောင်းစွာအားထုတ်ခြင်း၊ ကောင်းစွာအောက်မေ့ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်း၊ (ဤမဂ္ဂင်ရှစ်ပါးတရား အကျင့်လမ်းကြီးပင်လျှင်တည်း။)

http://www.dhammadownload.com


(၈)

ချစ်သားရဟန်းတို့ **"ဤဒေါဘုမ္မက ဝဋ်တရားစုသည် ဆင်းရဲစင်စစ် အမှန်ဖြစ်သော အရိယာသစ္စာကြီးတစ်ပါးဟူ၍"** ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနန့်အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်၍လာ၏။

(၉)

ချစ်သားရဟန်းတို့ **"ဆင်းရဲစစ်စစ်အမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိအပ်သိထိုက်၏ဟူ၍"** ငါဘုရားသည် ရှေးဘုရားမဖြစ်မီ ကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ အနန့်အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

(၁၀)

ချစ်သားရဟန်းတို့ **"ဆင်းရဲစင်စစ် အမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိခြင်းကိစ္စ ပြီးစီးလေပြီ"**ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီ ကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနန့်အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

ချစ်သားရဟန်းတို့ **"ဤတပ်မက်သာယာသော တဏှာလောဘသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော အရိယာသစ္စာကြီးတစ်ပါး"**ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီ ကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တုံဘိ ဉာဏ်မျက်စိ သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ အနန့်အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ ထိုးထွင်း သိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

http://www.dhammadownload.com


(၁၂)

ချစ်သားရဟန်းတို့ **"ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော ဤအရိယသစ္စာတရားကို ကြွင်းမဲ့ဥဿုံ အလုံးစုံ ပယ်သင့်ပယ်ထိုက်၏"** ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တဲ့ဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

(၁၃)

ချစ်သားရဟန်းတို့ **"ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော ဤအရိယသစ္စာတရားကို အကြွင်းမဲ့ ဥဿုံ အလုံးစုံပယ်ခြင်းကိစ္စ ပြီးပြီ"** ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တဲ့ဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏။

(၁၄)

ချစ်သားရဟန်းတို့ "ဤနိဗ္ဗာန်သည် ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန် ဖြစ်သော အရိယသစ္စာကြီးတစ်ပါး" ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တဲ့ဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနံ့အပြားမြင်အား သန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

(၁၅)

ချစ်သားရဟန်းတို့ "ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုအပ်ပြုထိုက်၏" ဟူ၍ ငါဘုရား သည် ရှေးဘုရားမဖြစ်မီကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တဲ့ဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ အနံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

http://www.dhammadownload.com


(၁၆)

ချစ်သားရဟန်းတို့ **"ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုခြင်းကိစ္စပြီးပြီ"** ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တဲ့ဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏။

(၁၇)

ချစ်သားရဟန်းတို့ **"ဤမဂ္ဂင်ရှစ်ပါး တရားအစုသည် ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းလမ်းမှန်ဖြစ်သော အရိယသစ္စာကြီး တစ်ပါး"** ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တဲ့ဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနံ့အပြားမြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏။

(၁၈)

ချစ်သားရဟန်းတို့ **"ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ဘာဝနာအလုပ်ဖြင့် အားထုတ်ကြိုးစား ပွားများအပ် ပွားများထိုက်၏"** ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တဲ့ဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ အနံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းအရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

(၁၉)

ချစ်သားရဟန်းတို့ **"ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန်ဖြစ်သော ဤအရိယသစ္စာတရားကို ပွားများခြင်းကိစ္စ ပြီးပြီ"** ဟူ၍ ငါဘုရားသည် ရှေးဘုရားမဖြစ်မီကာလ၌ တစ်ရံတစ်ခါမျှ မကြားစဖူးကုန်သော တရားအပေါင်းတို့၌ မြင်နိုင်တဲ့ဘိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။ အနံ့အပြား မြင်အားသန်စွာ ဉာဏ်ပညာသည်

http://www.dhammadownload.com


ထင်ရှားဖြစ်ပေါ်၍လာ၏။ ထိုးထွင်းသိတတ် ဝိဇ္ဇာဓာတ်သည် ထင်ရှားဖြစ်ပေါ်၍ လာ၏။ မောဟမှောင်ကြီး ဖျက်ဆီးထွန်းပြောင် အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်၍လာ၏။

(၂၀)

ချစ်သားရဟန်းတို့ အကြင်မျှလောက်သော ကာလပတ်လုံး ငါဘုရားအား လေးပါးကုန်သော ဤမဖောက်မပြန် မှန်ကန်တုံလတ် အရိယသစ္စာမြတ်တို့၌ ဤသို့ပြဆိုအပ်ပြီးသောအတိုင်း သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် စက်လည်ပုံ သုံးပါးရှိသော သုံးပါးလေးလီအားဖြင့် အခြင်းအရာ တစ်ဆယ့်နှစ်ပါးရှိသော ဟုတ်မှန်သောအတိုင်း ပိုင်းခြားထင်ထင် ဉာဏ်အမြင်သည် စင်စင်ကြယ်ကြယ် မဖြစ်ပေါ်လာသေး။

ချစ်သားရဟန်းတို့ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရားသည် နတ်ပြည်နှင့်တကွ ဖြစ်သော၊ မာရ်နတ်လွှမ်းခြုံ ဝသဝတ္တီဘုံနှင့်တကွဖြစ်သော၊ ဗြဟ္မာဘုံနှင့်တကွဖြစ်သော အနန္တစကြဝဠာ ကမ္ဘာလောကဓာတ်တိုက်ဘောင်အတွင်း၌ ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော နတ်လူနှင့်တကွဖြစ်သော သတ္တဝါများအလယ်၌ "အတုမရှိသော ဘုရားဖြစ်ရန် သဗ္ဗညုတ ရွှေဉာဏ်ကို ပိုင်ပိုင်ရရှိ ထိုးထွင်း၍သိတော်မူပြီ"ဟူ၍ ဝန်ခံတော်မမူသေး။

(၂၁)

ချစ်သားရဟန်းတို့ အကြင်အခါ၌သာလျှင် ငါဘုရားအား လေးပါးကုန်သော ဤမဖောက်မပြန် မှန်ကန်တုံလတ် အရိယသစ္စာမြတ်တို့၌ ဤသို့ပြဆိုအပ်ပြီးသောအတိုင်း သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် စက်လည်ပုံ သုံးပါးရှိသော သုံးပါးလေးလီအားဖြင့် အခြင်းအရာ တစ်ဆယ့်နှစ်ပါးရှိသော ဟုတ်မှန်သောအတိုင်း ပိုင်းခြားထင်ထင် ဉာဏ်အမြင်သည် စင်စင်ကြယ်ကြယ် ဖြစ်ပေါ်၍လာ၏။

ချစ်သားရဟန်းတို့ ထိုအခါ၌သာလျှင် ငါဘုရားသည် နတ်ပြည်နှင့်တကွဖြစ်သော၊ မာရ်နတ်လွှမ်းခြုံ ဝသဝတ္တီဘုံနှင့်တကွ ဖြစ်သော၊ ဗြဟ္မာဘုံနှင့်တကွဖြစ်သော အနန္တစကြဝဠာ ကမ္ဘာလောကဓာတ် တိုက်ဘောင်အတွင်း၌ ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော နတ်လူနှင့်တကွ ဖြစ်သော သတ္တဝါများအလယ်၌ "အတုမရှိသော ဘုရားဖြစ်ရန် သဗ္ဗညုတ ရွှေဉာဏ်ကို ပိုင်ပိုင်ရရှိထိုးထွင်း၍ သိတော်မူပြီ"ဟူ၍ ဝန်ခံတော်မူပြီ။

(၂၂)

ချစ်သားရဟန်းတို့ ငါဘုရား၏ဟုတ်တိုင်းအမှန် အမြင်သန့်သော ပစ္စဝေက္ခဏာ ဉာဏ်တော်သည် ထင်ရှားဖြစ်ပေါ်၍လာပြီ။ ငါဘုရား၏ အရဟတ္တဖိုလ်ဉာဏ်တော်သည် မပျက်မစီးနိုင် ခံ့နိုင်တည်တံ့လေပြီ။ ငါဘုရား၏ ဤဘဝအဖြစ်သည် အဆုံးစွန်သော အဖြစ်ပေတည်း။ ယခုအခါ၌ ဘဝအသစ်တဖန်ဖြစ်ဖို့ အရေးသည် မရှိတော့ချေ။ ဤသို့ ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပေါ်၍လာပြီ။

http://www.dhammadownload.com


(၂၃)

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤဓမ္မစက္က ပဝတ္တန သုတ္တန်ကို ပထမလက်ဦး မြွက်ကျူးဟောကြားတော်မူလေ၏။

ကောဏ္ဍည အမှူးငါးဦး အစုအဝေးရှိကုန်သော ရဟန်းတို့သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ဟောတော်မူအပ်သော တရားတော်ကို အရိယသစ္စာဉာဏ် ထက်သန်ပွင့်လင်း ဝမ်းမြောက်ခြင်း ရှိကြကုန်သည်ဖြစ်၍ ရှင်လန်းအားရ နှစ်သက်ကြလေကုန်သတည်း။

(၂၄)

ဂါထာမဖက် စုဏ္ဏိယသက်သက်ဖြစ်သော ဤ ဓမ္မစက္ကပဝတ္တန သုတ်တော်ကြီးကို ဟောတော်မူအပ်သည်ရှိသော် ရှည်သော အသက်တော်ရှိသော အရှင်ကောဏ္ဍည မထေရ်အား ကိလေသာမြူတို့မှ စင်ဖြူကင်းဝေးသော၊ မှောက်မှားဒိဋ္ဌိ အညစ်အကြေးမရှိသော၊ သောတာပတ္တိမဂ်ဉာဏ်ဟု ဆိုအပ်သော တရားမျက်လုံးသည် ထင်ရှားစွာ ပေါ်ပေါက်လေ၏။

"အလုံးစုံသော တေဘူမကဝဋ္ဋဒုက္ခတရားစုသည် ဖြစ်ပေါ်ခြင်းလျှင် အကြောင်းရင်းရှိ၏။ ထိုအလုံးစုံသော တေဘူမကဝဋ္ဋဒုက္ခတရားစုသည် မကြွင်းမကျန် အမှန်ချုပ်ဆုံးခြင်း သဘောရှိ၏" (ဤသို့ ဟုတ်တိုင်းမှန်သိ ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်၍လာ၏။)

(၂၅)

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဓမ္မစကြာသုတ်တော်ကြီးကို ဟောတော်မူအပ်ပြီးသည်ရှိသော်ကား ဘုမ္မစိုးနတ်တို့သည် ကောင်းချီးဆူညံ ဟစ်ကြွေးသံကို တစ်ပြိုင်နက် ကြွေးကြော်ကြလေကုန်၏။

"အို နတ်များအပေါင်းတို့ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဗာရာဏသီနေပြည်တော်ကြီး၏အနီး၌ သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော၊ ရသေ့သူမြတ်အပေါင်းတို့၏ ဆင်းသက်ကျရောက်ရာဖြစ်သော မိဂဒါဝုန်တောကြီးအတွင်း၌ အတုမရှိသော ဤဓမ္မစကြာတရားတော်မြတ်ကို ဟောတော်မူအပ်ပေပြီ။ ဤဓမ္မစကြာတရားတော်မြတ်ကို ရဟန်းသည်လည်းကောင်း၊ ပုဏ္ဏားသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း အနန္တစကြာဝဠာ ဤကမ္ဘာ လောကဓာတ်တိုက်ဘောင်အတွင်း၌ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်လည်းကောင်း မဆီးတား မကန့်ကွက်နိုင်ချေ"

(ဤသို့တစ်ပြိုင်နက် ကြွေးကြော်ကြလေကုန်၏။)

ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကို ကြားကြကုန်သည်ရှိသော် စာတုမဟာရာဇ်နတ်အများတို့သည် ကောင်းချီးဆူညံ ဟစ်ကြွေးသံကို တစ်ပြိုင်နက် ကြွေးကြော်ကြလေကုန်၏။

စာတုမဟာရာဇ် နတ်အများတို့သည် "..............."

တာဝတိံသာနတ်အများတို့သည် "..............."

ယာမာနတ်အများတို့သည် "..............."

တုသိတာနတ်အများတို့သည် "..............."

http://www.dhammadownload.com


နိမ္မာနရတိ နတ်အများတို့သည် “..............”
ပရနိမ္မိတ ဝသဝတ္တိ နတ်အများတို့သည် “..............”
ဗြဟ္မာအပေါင်းတို့သည် ကောင်းချီးဆူညံ ဟစ်ကြွေးသံကို တစ်ပြိုင်နက် ကြွေးကြော်ကြလေကုန်၏။

“အို နတ်ဗြဟ္မာများ အပေါင်းတို့...ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဗာရာဏသီနေပြည်တော်ကြီး၏ အနီး၌ သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော ရသေ့သူမြတ်အပေါင်းတို့၏ ဆင်းသက်ကျရောက်ရာဖြစ်သော မိဂဒါဝုန်တောကြီးအတွင်း၌ အတုမရှိသော ဤဓမ္မစကြာတရားတော်မြတ်ကို ဟောတော်မူအပ်ပေပြီ။ ဤဓမ္မစကြာတရားတော်မြတ်ကို ရဟန်းသည်လည်းကောင်း၊ ပုဏ္ဏားသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မာသည်လည်းကောင်း၊ အနန္တစကြာဝဠာ ဤကမ္ဘာလောကဓာတ်တိုက်ဘောင်အတွင်း၌ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်လည်းကောင်း မဆီးတားမကန့်ကွက်နိုင်ချေ” (ဤသို့ တစ်ပြိုင်နက် ကြွေးကြော် ကြလေကုန်၏)

ဤသို့လျှင် ထိုခဏအတွင်း၌ ထိုလယအတွင်း၌ ထိုမုဟုတ်အတွင်း၌ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင် ကျော်စောသောအသံသည် အဆင့်ဆင့် ပျံ့နှံ့၍ တက်လေ၏။

(၂၆)

ဤစကြာဝဠာအပေါင်း လောကဓာတ်တိုက်တစ်သောင်းသည်လည်း အောက်သို့နိမ့်လျက် တသိမ့်သိမ့်တုန်လှုပ်လေ၏။ အထက်သို့ခုန်တက်၍ တသွက်သွက် တုန်လှုပ်လေ၏။ အေးယဉ်လွဲသကဲ့သို့ နွဲကာနွဲကာ တုန်လှုပ်လေ၏။

(၂၇)

နတ်အပေါင်း ဗြဟ္မာအပေါင်းတို့၏ တန်ခိုးအလုံးစုံကို သိမ်းခြုံလွှမ်းမိုး၍ စကြာဝဠာအပေါင်း လောကဓာတ်တိုက်တစ်သောင်း၌ အတိုင်းမသိ နှိုင်းယှဉ်ဖွယ်မရှိသော ကြီးကျယ်မွန်မြတ်သော ရောင်လျှံထိန်ညီး အလင်းဓာတ်ကြီးသည် အဆန်းတကြယ် အံ့ဩဖွယ်ဖြစ်ပေါ်လာ၏။

(၂၈)

ထိုအခါ၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝမ်းမြောက်မြွက်ကြား ဤဥဒါန်းတော်အမိန့်စကားကို ကျူးရင့်တော်မူလေ၏။

အို လူ နတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ ငါ့သားတော်ကြီးဖြစ်သော ကောဏ္ဍညသည် အသိဉာဏ်အလင်းပေါက်၍ သောတာပန်အဖြစ်သို့ ရောက်လေပြီတကား။ အို လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ ငါ့သားတော်ကြီးဖြစ်သော ကောဏ္ဍညသည် အသိဉာဏ်အလင်းပေါက်၍ သောတာပန်အဖြစ်သို့ ရောက်လေပြီတကား။ (ဤသို့ ဥဒါန်းကျူးရင့်တော်မူလေ၏။)

http://www.dhammadownload.com


ဤဥဒါန်းစကားတော်အားဖြင့် ရှည်သောအသက်တော်ရှိသော အရှင်ကောဏ္ဍညသည် မထေရ်မြတ်ကြီးအား အညာသိကောဏ္ဍည ဟူ၍သာလျှင် ဤအမည်ထူးသည် ဖြစ်လေသတည်း။

## (၂၉)

ထိုသောတာပန်ဖြစ်ပြီးသောအခါ၌ ရှည်သော အသက်တော်ရှိသော အရှင်အညာသိကောဏ္ဍညသည် ကိုယ်တိုင်မြင်အပ်ပြီးသော တရားရှိသည်ဖြစ်၍၊ ကိုယ်တိုင်ဆိုက်ရောက်အပ်ပြီးသော တရားရှိသည်ဖြစ်၍၊ ကိုယ်တိုင်သိအပ်ပြီးသော တရားရှိသည်ဖြစ်၍၊ ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော တရားရှိသည်ဖြစ်၍၊ ယုံမှားခြင်း၏ တစ်ဖက်ကမ်းသို့ရောက်အောင် ကူးမြောက်ပြီးသည်ဖြစ်၍၊ သို့လော သို့လော တွေးတောယုံမှားခြင်းမှ လွတ်ကင်းသည်ဖြစ်၍၊ ကြောက်ရွံ့မှုကင်းလျက် ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍၊ မြတ်စွာဘုရား၏ သာသနာတော်အတွင်း၌ သိမြင်ပြီးသော ဉာဏ်အစွမ်းအားဖြင့် သူတစ်ပါးတို့အား ယုံကြည်အားထားခြင်း မရှိလေသောကြောင့် ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို ဤသို့သောစကားကို လျှောက်ထားတောင်းပန်လေ၏။

"အရှင်ဘုရား တပည့်တော်သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါသည်ဘုရား။ ပဉ္စင်းအဖြစ်ကို ရလိုပါသည်ဘုရား" ဤသို့ လျှောက်ထားတောင်းပန်လေ၏။

## (၃၀)

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"အို ရဟန်းလာလော့၊ ငါဘုရားသည် တရားတော်မြတ်ကို ကောင်းစွာ ဟောကြားတော်မူအပ်ပြီ။ သံသရာဝဋ်ဆင်းရဲ၏ ကိစ္စတုံး၍ အဆုံးတိုင်အောင် ပြုခြင်းငှာ ကောင်းစွာမြတ်သော မဂ်အကျင့်ကို ကျင့်လေလော့" ဤသို့ မိန့်တော်မူ၏။ ရှည်သော အသက်တော်ရှိသော ထိုအရှင်ကောဏ္ဍညအား ထိုဟေဘိက္ခု ပဉ္စင်းအဖြစ်သည်သာလျှင် ဖြစ်လေသတည်း။

**ဓမ္မစက္ကပ္ပဝတ္တနသုတ်သည် ပြီးပြီ။**

http://www.dhammadownload.com

# အနတ္တလက္ခဏသုတ်

ဗြဟ္မာ နတ် လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်းဖြစ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူပေထသော သစ္စာ ဥေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူပေထသော ဣဿရိယဓမ္မယသ သီရိကာမပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဘုရားတပည့်တော်တို့၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း ဘုရား။

## (၁)

တစ်ပါးသောအခါ၌ မြတ်စွာဘုရားသည် ဗာရာဏသီ နေပြည်တော်ကြီး၏အနီး (၌) ရှေးခါခေတ်ဟောင်း ရသေ့သူမြတ်အပေါင်းတို့၏ သက်ဆင်းရာဖြစ်သော သားသမင်အပေါင်းတို့ကို ဘေးမဲ့ပေး၍ မွေးရာဖြစ်သော မိဂဒါဝုန်တောကြီး၌ သီတင်းသုံးနေတော်မူ၏။

ထိုသို့ သီတင်းသုံးနေတော်မူသောအခါ၌ မြတ်စွာဘုရားသည် ကောဏ္ဍညအမှူး ငါးဦး အစုအဝေးရှိကုန်သော ရဟန်းတို့ကို "အို ရဟန်းတို့"ဟူ၍ ခေါ်တော်မူ၏။

ထိုပဉ္စဝဂ္ဂီ ရဟန်းတို့သည် "အရှင်မြတ်ဘုရား"ဟူ၍ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤအနတ္တလက္ခဏသုတ်စကားကို မိန့်မြွက်ဟောကြားတော်မူလေသတည်း။

## (၂)

ချစ်သားရဟန်းတို့... ရုပ်တရားအပေါင်းသည် အစိုးမရ အလိုသို့မလိုက်သော အနတ္တ အမှန်ပင်တည်း။

ချစ်သားရဟန်းတို့ ...ရုပ်တရားအပေါင်းသည် ကေန်စင်စစ်အလိုသို့လိုက်သော အတ္တသဘောရှိသည်ဖြစ်ပါမူကား ဤရုပ်တရားသည် အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ မဖြစ်လေရာ။

http://www.dhammadownload.com


"ငါ၏ရုပ်သည် ဤသို့ဖြစ်ပလေစေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်စေလင့်" ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း ရုပ်တရား၌ အခွင့်ရနိုင်လေရာ၏။

ချစ်သားရဟန်းတို့ စင်စစ်အကြင်သို့သော အကြောင်းကြောင့်လျှင် ရုပ်တရားသည် အလိုသို့ မလိုက်သော အနတ္တသဘောရှိချေ၏။ ထို့ကြောင့် ရုပ်တရားသည် အလိုသို့ မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ ဖြစ်၏။

"ငါ၏ရုပ်သည် ဤသို့ဖြစ်ပလေစေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်" ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း ရုပ်တရား၌ အခွင့်မရနိုင်။

## (၃)

ချစ်သားရဟန်းတို့...ခံစားမှုဝေဒနာအပေါင်းသည် အစိုးမရအလိုသို့မလိုက်သော အနတ္တ အမှန်ပင်တည်း။

ချစ်သားရဟန်းတို့...ခံစားမှု ဝေဒနာအပေါင်းသည် ကေန်စင်စစ် အလိုသို့လိုက်သော အတ္တသဘော ရှိသည်ဖြစ်ပါမူကား ဤဝေဒနာသည် အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ မဖြစ်လေရာ။

"ငါ၏ဝေဒနာသည် ဤသို့ဖြစ်ပလေစေ၊ ငါ၏ဝေဒနာသည် ဤသို့မဖြစ်စေလင့်" ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း ဝေဒနာတရား၌ အခွင့်ရနိုင်လေရာ၏။

ချစ်သားရဟန်းတို့ စင်စစ်အကြင်သို့သော အကြောင်းကြောင့်လျှင် ဝေဒနာတရားသည် အလိုသို့မလိုက်သော အနတ္တသဘောရှိချေ၏။ ထို့ကြောင့် ဝေဒနာတရားသည် အလိုသို့ မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာဖြစ်၏။

"ငါ၏ဝေဒနာသည် ဤသို့ဖြစ်ပလေစေ၊ ငါ၏ဝေဒနာသည် ဤသို့မဖြစ်စေလင့်" ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း ဝေဒနာတရား၌ အခွင့်မရနိုင်။

## (၄)

ချစ်သားရဟန်းတို့...မှတ်သားမှု သညာအပေါင်းသည် အစိုးမရ အလိုသို့ မလိုက်သော အနတ္တအမှန်ပင်တည်း။

ချစ်သားရဟန်းတို့...မှတ်သားမှုသညာအပေါင်းသည် ကေန်စင်စစ် အလိုသို့လိုက်သော အတ္တသဘောရှိသည် ဖြစ်ပါမူကား ဤသညာသည် အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ မဖြစ်လေရာ။

"ငါ၏သညာသည် ဤသို့ဖြစ်ပလေစေ၊ ငါ၏သညာသည် ဤသို့မဖြစ်စေလင့်" ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း သညာတရား၌ အခွင့်ရနိုင်လေရာ၏။

ချစ်သားရဟန်းတို့...စင်စစ်အကြင်သို့သော အကြောင်းကြောင့်လျှင် သညာတရားသည် အလိုသို့မလိုက်သော အနတ္တသဘောရှိချေ၏။ ထို့ကြောင့် သညာတရားသည် အလိုသို့မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာဖြစ်၏။

http://www.dhammadownload.com


"ငါ၏သညာသည် ဤသို့ဖြစ်ပလေစေ ငါ၏သညာသည် ဤသို့မဖြစ်စေလင့်" ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း သညာတရား၌ အခွင့်မရနိုင်။

(၅)

ချစ်သားရဟန်းတို့...ပြုပြင်စီရင်မှု သင်္ခါရတရားအပေါင်းတို့သည် အစိုးမရ အလိုသို့ မလိုက်သော အနတ္တအမှန်တို့ပင်တည်း။

ချစ်သားရဟန်းတို့...ပြုပြင်စီရင်မှု သင်္ခါရအပေါင်းတို့သည် ကေန်စင်စစ် အလိုသို့လိုက် သော အတ္တသဘောရှိကုန်သည် ဖြစ်ပါကုန်မူကား ဤသင်္ခါရတို့သည် အလိုသို့လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ မဖြစ်နိုင်ကုန်ရာ။

"ငါ၏သင်္ခါရတို့သည် ဤသို့ဖြစ်ပလေစေကုန် ငါ၏သင်္ခါရတို့သည် ဤသို့မဖြစ်စေ ကုန်လင့်" ဤသို့ မိမိတို့အလိုဆန္ဒအတိုင်း သင်္ခါရတရားတို့၌ အခွင့်ရနိုင်လေရာ၏။

ချစ်သားရဟန်းတို့ စင်စစ်အကြင်သို့သော အကြောင်းကြောင့်လျှင် သင်္ခါရတရားတို့သည် အလိုသို့မလိုက်သော အနတ္တသဘော ရှိချေကုန်၏။ ထို့ကြောင့် သင်္ခါရတရားတို့သည် အလိုသို့ မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ ဖြစ်ကုန်၏။

"ငါ၏သင်္ခါရတို့သည် ဤသို့ ဖြစ်ပလေစေကုန် ငါ၏သင်္ခါရတို့သည် ဤသို့မဖြစ်စေ ကုန်လင့်" ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း သင်္ခါရတရားတို့၌ အခွင့်မရနိုင်။

(၆)

ချစ်သားရဟန်းတို့...သိမှုဝိညာဉ်သည် အစိုးမရ အလိုသို့မလိုက်သော အနတ္တအမှန်ပင် တည်း။

ချစ်သားရဟန်းတို့...သိမှုဝိညာဉ်အပေါင်းသည် ကေန်စင်စစ် အလိုသို့လိုက်သော အတ္တသဘော ရှိသည်ဖြစ်ပါမူကား ဤဝိညာဉ်သည် အလိုသို့ လိုက်ပါ၍ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာ မဖြစ်လေရာ။

"ငါ၏ဝိညာဉ်သည် ဤသို့ဖြစ်ပလေစေ ငါ၏ဝိညာဉ်သည် ဤသို့မဖြစ်စေလင့်"ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း ဝိညာဉ်တရားပေါင်း၌ အခွင့်ရနိုင်လေရာ၏။

ချစ်သားရဟန်းတို့...စင်စစ်အကြင်သို့သော အကြောင်းကြောင့်လျှင် ဝိညာဉ်တရားသည် အလိုသို့မလိုက်သော အနတ္တသဘောရှိချေ၏။ ထို့ကြောင့် ဝိညာဉ်တရားသည် အလိုသို့ မလိုက်ပါဘဲ ကျင်နာခံခက် နှောင့်ယှက်ဖောက်ပြန်ခြင်းငှာဖြစ်၏။

"ငါ၏ဝိညာဉ်သည် ဤသို့ဖြစ်ပလေစေ ငါ၏ဝိညာဉ်သည် ဤသို့ မဖြစ်စေလင့်" ဤသို့ မိမိတို့ အလိုဆန္ဒအတိုင်း ဝိညာဉ်၌ အခွင့်မရနိုင်။

ချစ်သားရဟန်းတို့...ထိုသို့ ငါဘုရားမေးတော်မူသောစကားကို အဘယ်သို့ မှတ်ထင်ကြ ကုန်သနည်း။

ရုပ်တရားသည် မြဲသလော၊ မမြဲသလော။

http://www.dhammadownload.com


ဘုန်းတော်ကြီးသော မြတ်စွာဘုရား...ရုပ်တရားသည် မမြဲပါဘုရား။ ချစ်သားရဟန်းတို့ အကြင်ရုပ်တရားသည် မမြဲ၊ ထိုမမြဲသော ရုပ်တရားသည် ဆင်းရဲသလော၊ ချမ်းသာ သလော။

ထိုမမြဲသောရုပ်တရားသည် ဆင်းရဲရိုးအမှန်ပါဘုရား။ ချစ်သားရဟန်းတို့...အကြင်ရုပ်တရားသည် မမြဲ၊ ဆင်းရဲ၏။ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိ၏။ ထိုမြဲလည်းမမြဲ ဆင်းရဲလည်းဆင်းရဲ ဖောက်လွဲဖောက်ပြန်ဖြစ်နေသော ရုပ်တရားကို "ဤရုပ်တရားကား ငါပိုင်သော ဥစ္စာတည်း ဤရုပ်တရားကား ငါဖြစ်၍နေ၏။ ဤရုပ်တရားကား ငါ၏အလိုသို့ လိုက်သောအတ္တတည်း" ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ သင့်လျော် လျောက်ပတ်ပါမည်လော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား... ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည် မသင့်ပါဘုရား။

## (၈)

ချစ်သားရဟန်းတို့... ခံစားမှုဝေဒနာအပေါင်းသည် မြဲသလော မမြဲသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား... မမြဲပါဘုရား။ ချစ်သားရဟန်းတို့...အကြင်ဝေဒနာတရားသည် မမြဲ၊ ထိုမမြဲသော ဝေဒနာတရားသည် ဆင်းရဲသလော ချမ်းသာသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား... ဆင်းရဲရိုးအမှန်ပါဘုရား။ ချစ်သားရဟန်းတို့ အကြင်ဝေဒနာတရားသည် မမြဲ၊ ဆင်းရဲ၏။ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိ၏။ ထိုမြဲလည်းမမြဲ ဆင်းရဲလည်းဆင်းရဲ ဖောက်လွဲဖောက်ပြန်ဖြစ်နေသော ဝေဒနာတရားကို "ဤဝေဒနာတရားကား ငါပိုင်သောဥစ္စာတည်း။ ဤဝေဒနာတရားကား ငါ ဖြစ်၍ နေ၏။ ဤဝေဒနာတရားကား ငါ၏အလိုသို့လိုက်သော အတ္တတည်း" ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ သင့်လျော်လျောက်ပတ်ပါမည်လော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား... ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ မသင့်ပါဘုရား။

## (၉)

ချစ်သားရဟန်းတို့... မှတ်သားမှု သညာအပေါင်းသည် မြဲသလော မမြဲသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား... မမြဲပါဘုရား။

ချစ်သားရဟန်းတို့... အကြင်သညာတရားသည် မမြဲ၊ ထိုမမြဲသော သညာတရားသည် ဆင်းရဲသလော ချမ်းသာသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား... ဆင်းရဲရိုးအမှန်ပါဘုရား။

ချစ်သားရဟန်းတို့... အကြင်သညာတရားသည် မမြဲ၊ ဆင်းရဲ၏။ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိ၏။ ထိုမြဲလည်းမမြဲ၊ ဆင်းရဲလည်းဆင်းရဲ၊ ဖောက်လွဲဖောက်ပြန်ဖြစ်နေသော သညာတရားကို "ဤသညာတရားကား ငါပိုင်သော ဥစ္စာတည်း၊ ဤသညာတရားကား

http://www.dhammadownload.com


ငါဖြစ်၍နေ၏။ ဤသညာတရားကား ငါ၏အလိုသို့လိုက်သော အတ္တတည်း" ဤသို့ စွဲလမ်း ထင်မြင် ရှုဆင်ခြင်ခြင်းငှာ သင့်လျော်လျောက်ပတ်ပါမည်လော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား… ဤသို့ စွဲလမ်းထင်မြင်ရှုဆင်ခြင်ခြင်းသည် မသင့်ပါဘုရား။

## (၁၀)

ချစ်သားရဟန်းတို့… ပြုပြင်စီရင်မှု သင်္ခါရ အပေါင်းတို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား… မမြဲကုန်ပါဘုရား။

ချစ်သားရဟန်းတို့… အကြင်သင်္ခါရတရားသည် မမြဲ၊ ထိုမမြဲသော သင်္ခါရတရားသည် ဆင်းရဲသလော ချမ်းသာသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား… မမြဲကုန်ပါဘုရား။

ချစ်သားရဟန်းတို့…အကြင်သင်္ခါရတရားသည် မမြဲ၊ ထိုမမြဲသော သင်္ခါရတရားသည် ဆင်းရဲသလော၊ ချမ်းသာသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား… ဆင်းရဲရိုးအမှန်ပါဘုရား။

ချစ်သားရဟန်းတို့ အကြင်သင်္ခါရတရားသည် မမြဲ၊ ဆင်းရဲ၏။ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိ၏။ ထိုမြဲလည်းမမြဲ၊ ဆင်းရဲလည်းဆင်းရဲ၊ ဖောက်လွဲဖောက်ပြန်ဖြစ်နေသော သင်္ခါရတရားကို "ဤသင်္ခါရတရားကား ငါပိုင်သော ဥစ္စာတည်း၊ ဤသင်္ခါရတရားကား ငါဖြစ်၍နေ၏။ ဤသင်္ခါရတရားကား ငါ၏အလိုသို့လိုက်သော အတ္တတည်း" ဤသို့ စွဲလမ်း ထင်မြင်ရှုဆင်ခြင်ခြင်းငှာ သင့်လျော်လျောက်ပတ်ပါမည်လော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား… ဤသို့စွဲလမ်းထင်မြင်ရှုဆင်ခြင်ခြင်းသည် မသင့်ပါ ဘုရား။

## (၁၁)

ချစ်သားရဟန်းတို့… သိမှုဝိညာဉ်အပေါင်းသည် မြဲသလော မမြဲသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား… မမြဲပါဘုရား။

ချစ်သားရဟန်းတို့… အကြင်ဝိညာဉ်တရားသည် မမြဲ၊ ထိုမမြဲသော ဝိညာဉ်တရားသည် ဆင်းရဲသလော၊ ချမ်းသာလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား… ဆင်းရဲရိုးအမှန်ပါဘုရား။ ချစ်သားရဟန်းတို့ အကြင်ဝိညာဉ်တရားသည် မမြဲ၊ ဆင်းရဲ၏။ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိ၏။ ထိုမြဲလည်းမမြဲ၊ ဆင်းရဲလည်းဆင်းရဲ၊ ဖောက်လွဲဖောက်ပြန်ဖြစ်နေသော ဝိညဉ်တရားကို "ဤ ဝိညာဉ်တရားကား ငါပိုင်သောဥစ္စာတည်း၊ ဤဝိညာဉ်တရားကား ငါဖြစ်၍နေ၏။ ဤ ဝိညာဉ်တရားကား ငါ၏အလိုသို့လိုက်သော အတ္တတည်း" ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်

http://www.dhammadownload.com


ခြင်း၌ သင့်လျော်လျောက်ပတ်ပါမည်လော။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား… ဤသို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းသည် မသင့်ပါဘုရား။

(၁၂)

ချစ်သားရဟန်းတို့… ထိုမမြဲမှုသဘော၊ ဆင်းရဲမှုသဘော၊ အလိုမလိုက်မှုသဘောတို့၏ ပေါ်လောကြီး ထင်ရှား၍နေသောကြောင့် လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်ကာလ၊ ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်သော အကြင်အလုံးစုံသော ရုပ်တရားသည် လည်းကောင်း၊ မိမိအတွင်းသန္တာန်၌ဖြစ်သော ရုပ်တရားသည်လည်းကောင်း၊ အပသန္တာန်၌ ဖြစ်သော ရုပ်တရားသည်လည်ကောင်း၊ ကြမ်းတမ်းသော ရုပ်တရားသည်လည်းကောင်း၊ သိမ်မွေ့သော ရုပ်တရားသည်လည်းကောင်း၊ ယုတ်ညံ့သော ရုပ်တရားသည်လည်းကောင်း၊ မြင့်မြတ်သော ရုပ်တရားသည်လည်းကောင်း၊ အကြင် အဝေး၌ဖြစ်သော ရုပ်တရားသည်လည်းကောင်း၊ အကြင်အနီး၌ဖြစ်သော ရုပ်တရားသည်လည်းကောင်း ရုပ်ပေါင်းများထွေ ရှိကြလေ၏။

ခပ်သိမ်းဥဿုံ အလုံးစုံသော ထိုရုပ်ဟူသမျှသည် "ငါပိုင်ဥစ္စာမဟုတ်၊ ထိုရုပ်အပေါင်းသည် ငါဖြစ်၍ နေသည်မဟုတ်၊ ထိုရုပ်အပေါင်းသည် ငါ၏အလိုသို့ လိုက်သောအတ္တမဟုတ်" ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထိုခပ်သိမ်းဥဿုံ ရုပ်ဟူသမျှ အလုံးစုံကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ရုပ်ခဲ နာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့် ရှုဆင်ခြင်အပ်၏။

(၁၃)

ချစ်သားရဟန်းတို့ လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်ကာလ ယခု မျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်သော၊ အကြင်အလုံးစုံသော၊ ဝေဒနာတရားသည်လည်းကောင်း၊ မိမိအတွင်းသန္တာန်၌ဖြစ်သော ဝေဒနာသည်လည်းကောင်း၊ အပသန္တာန်၌ဖြစ်သော ဝေဒနာသည်လည်းကောင်း၊ ကြမ်းတမ်းသောဝေဒနာသည်လည်းကောင်း၊ သိမ်မွေ့သောဝေဒနာ သည်လည်းကောင်း၊ ယုတ်ညံ့သော ဝေဒနာသည်လည်းကောင်း၊ မြင့်မြတ်သော ဝေဒနာသည် လည်းကောင်း၊ အကြင်အဝေး၌ဖြစ်သော ဝေဒနာသည်လည်းကောင်း၊ အကြင်အနီး၌ဖြစ်သော ဝေဒနာသည်လည်းကောင်း ဝေဒနာများထွေရှိကြလေ၏။ ခပ်သိမ်းဥဿုံ အလုံးစုံသော ထိုဝေဒနာ ဟူသမျှသည်…

"ငါပိုင် ဥစ္စာမဟုတ်၊ ထိုဝေဒနာအပေါင်းသည် ငါ ဖြစ်၍နေသည်မဟုတ်။ ထိုဝေဒနာ အပေါင်းသည် ငါ၏အလိုသို့လိုက်သော အတ္တမဟုတ်" ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထို ခပ်သိမ်းဥဿုံ ဝေဒနာဟူသမျှ အလုံးစုံကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ရုပ်ခဲ နာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာ ဉာဏ်အလင်းဖြင့် ရှုဆင်ခြင်အပ်၏။

http://www.dhammadownload.com


## (၁၄)

ချစ်သားရဟန်းတို့...လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်ကာလ ယခု မျက်မှောက်ပစ္စုပ္ပန်ကာလ၌ဖြစ်သော၊ အကြင်အလုံးစုံသော သညာတရားသည်လည်းကောင်း၊ မိမိအတွင်းသန္တာန်၌ဖြစ်သော သညာသည်လည်းကောင်း၊ အပသန္တာန်၌ဖြစ်သော သညာသည်လည်းကောင်း၊ ကြမ်းတမ်းသောသညာသည်လည်းကောင်း၊ သိမ်မွေ့သောသညာ သည်လည်းကောင်း၊ ယုတ်ညံ့သောသညာသည်လည်းကောင်း၊ မြင့်မြတ်သော သညာသည်လည်းကောင်း၊ အကြင် အဝေး၌ဖြစ်သော သညာသည်လည်းကောင်း၊ အကြင် အနီး၌ဖြစ်သော သညာ သည်လည်းကောင်း သညာများထွေ ရှိကြလေ၏။

ခပ်သိမ်းဥဿုံ အလုံးစုံသော ထိုသညာဟူသမျှသည် "ငါပိုင်ဥစ္စာမဟုတ်၊ ထိုသညာ အပေါင်းသည် ငါဖြစ်၍နေသည်မဟုတ်။ ထိုသညာအပေါင်းသည် အလိုသို့လိုက်သော အတ္တ မဟုတ်" ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထိုခပ်သိမ်းဥဿုံ သညာဟူသမျှ အလုံးစုံကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း၊ ရုပ်ခဲနာမ်ခဲဖြိုခွဲဖောက်ထွင်း ဝိပဿနာ ဉာဏ်အလင်းဖြင့် ရှုဆင်ခြင်အပ်၏။

## (၁၅)

ချစ်သားရဟန်းတို့...လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်ကာလ၊ ယခုမျက်မှောက် ပစ္စုပ္ပန်ကာလ၌ဖြစ်ကုန်သော အကြင်အလုံးစုံသော သင်္ခါရတရားတို့သည်လည်းကောင်း၊ မိမိအတွင်းသန္တာန်၌ဖြစ်သော သင်္ခါရတို့သည်လည်းကောင်း၊ အပသန္တာန်၌ဖြစ်သော သင်္ခါရတို့သည်လည်းကောင်း၊ ကြမ်းတမ်းသော သင်္ခါရတို့သည်လည်းကောင်း၊သိမ်မွေ့သော သင်္ခါရတို့သည်လည်းကောင်း၊ ယုတ်ညံ့သော သင်္ခါရတို့သည်လည်းကောင်း၊ မြင့်မြတ်သော သင်္ခါရတို့သည်လည်းကောင်း၊ အကြင် အဝေး၌ ဖြစ်သော သင်္ခါရတို့သည်လည်းကောင်း အကြင် အနီး၌ဖြစ်သော သင်္ခါရတို့သည်လည်းကောင်း သင်္ခါရများထွေ ရှိကြလေကုန်၏။

ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ထိုသင်္ခါရ ဟူသမျှတို့သည် "ငါပိုင်ဥစ္စာမဟုတ်၊ ထိုသင်္ခါရအပေါင်းသည် ငါဖြစ်၍ နေသည်မဟုတ်။ ထိုသင်္ခါရအပေါင်းသည် ငါ၏အလိုသို့ လိုက်သော အတ္တမဟုတ်" ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထိုခပ်သိမ်းဥဿုံ သင်္ခါရဟူသမျှ အလုံးစုံကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ရုပ်ခဲနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ် အလင်းဖြင့် ရှုဆင်ခြင်အပ်၏။

## (၁၆)

ချစ်သားရဟန်းတို့...လွန်လေပြီးသော အတိတ်ကာလ၊ လာလတ္တံ့သော အနာဂတ်ကာလ ယခုမျက်မှောက်ပစ္စုပ္ပန်ကာလ၌ဖြစ်သော အကြင်အလုံးစုံသော ဝိညာဉ်တရားသည်လည်းကောင်း၊ မိမိအတွင်းသန္တာန်၌ဖြစ်သော ဝိညာဉ်သည်လည်းကောင်း အပသန္တာန်၌ဖြစ်သော ဝိညာဉ်သည် လည်းကောင်း၊ ကြမ်းတမ်းသောဝိညာဉ်သည်လည်းကောင်း၊ သိမ်မွေ့သော ဝိညာဉ် သည်လည်း

http://www.dhammadownload.com



ကောင်း၊ ယုတ်ညံ့သောဝိညာဉ်သည်လည်းကောင်း၊ မြင့်မြတ်သော ဝိညာဉ်သည်လည်းကောင်း၊ အကြင် အဝေး၌ဖြစ်သော ဝိညာဉ်သည်လည်းကောင်း အကြင်အနီး၌ဖြစ်သော ဝိညာဉ်သည် လည်းကောင်း ဝိညာဉ်များထွေ ရှိကြလေ၏။

ခပ်သိမ်းဥဿုံ အလုံးစုံသော ထိုဝိညာဉ်ဟူသမျှသည် "ငါပိုင်ဥစ္စာမဟုတ်၊ ထိုဝိညာဉ် အပေါင်းသည် ငါဖြစ်၍နေသည်မဟုတ်။ ထိုဝိညာဉ်အပေါင်းသည် ငါ၏အလိုသို့လိုက်သော အတ္တမဟုတ်"ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထိုခပ်သိမ်းဥဿုံ ဝိညာဉ်ဟူသမျှ အလုံးစုံကို မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ရုပ်ခဲနာမ်ခဲဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့် ရှုဆင်ခြင်အပ်၏။

## (၁၇)

ချစ်သားရဟန်းတို့...ဤသို့ "ခန္ဓာငါးပါးတို့၌ မမြဲသော အနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော အစိုးမရသော အနတ္တသဘောကို ဟောခဲ့ပြီးသောအတိုင်း ပိုင်ပိုင်ထင်ထင်" ရှုဆင်ခြင်သည်ရှိသော် ရုပ်နာမ်တရားတို့၌များသောအကြားအမြင်ရှိသော၊ ငါဘုရား၏ တပည့် မြတ်သည် ရုပ်တရားအစု၌လည်း အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ ခံစားမှု၊ ခံစားမှုဝေဒနာအစု၌လည်း အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ မှတ်မှုသားမှု သညာအစု၌လည်း အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ ပြုပြင်မှုသင်္ခါရအစုတို့၌လည်း အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ အာရုံသိမှု ဝိညာဏအစု၌လည်း အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ ခန္ဓာ ပဥ္စက၌ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေသည် ရှိသော် မတွယ်မတာ မသာယာဘဲ တဏှာပြတ်ကင်းလေ၏။

မတွယ်မတာ မသာယာဘဲ တဏှာပြတ်ကင်းမှုကြောင့် ကိလေသာဝဋ်[၁]တွင်းမှ လွတ် ကင်း ထွက်မြောက်လေ၏။

ကိလေသာဝဋ်တွင်းမှ လွတ်ကင်းထွက်မြောက်လေသည်ရှိသော် ကျွတ်ပေပြီ လွတ်ပေပြီ ဟူ၍ ဟုတ်တိုင်းအမှန် သိသောဉာဏ်သည် ဖြစ်ပေါ်လေ၏။

ဘဝအသစ်၊ အဖြစ်မစဲ၊ အသစ်အသစ် လဲရမှုသည် အစတုံး၍ ကုန်ဆုံးခဲ့ရလေပြီ။

---

၁။ ကိလေသာ ။ ။ *Kilesa* - Impurity, Stain, Soil, Lust, depravity, moral defilement, Sin.

The ten Kilesa or evil passions are:- Loba, Dosa, Moha, Māna, Miccha, Ditthi, Vicikiccha, Thinan, Uddhacan, Ahirikan, Annottappan. (Greed, hate, delusion, conceit, wrong view, doubt, Sloth, excitement, shamelessness, reck lessness of blame.

*Kilesakāma* - Desire, Attachment, lust, passion

ကိလေသာဝဋ္ဋ–ကိလေသာဝဋ် –Kilesavatta - The realm of Kilesa (Kilesa being the cause of sinful actions in therefore primarily the cause of rebirth or continued existence)

http://www.dhammadownload.com



မြတ်သောအကျင့်ဟူသမျှကို ကျင့်သုံးခြင်းကိစ္စ ပြီးဆုံးခဲ့လေပြီ။ သစ္စာလေးသွယ်၌ ပြုဖွယ်ဟူသမျှ မဂ်ကိစ္စကို ကိစ္စတုံးအောင် လုံးလုံးကြီး ပြုအပ်လေပြီ။

ဤပစ္စုပ္ပန် ခန္ဓာအစဉ်မှတစ်ပါးသော ခန္ဓာအစဉ်သည် ကင်းပြတ်ကုန်ကြွေ မရှိချေ၊ ဤသို့ထွန်းလင်းထိန်တောက် အသိဉာဏ်ပေါ်ပေါက်လေ၏။

(၁၈)

ဤအနတ္တလက္ခဏသုတ် စကားတော်ကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အနတ္တဉာဏ် အမြင်သန်အောင် ဉာဏ်ရောင်အလင်းဖွင့်၍ ကျူးရင့်ဟောကြားတော်မူပေ၏။ ကောဏ္ဍညအမှူး ငါးဦးအစုအဝေးရှိကုန်သော ရဟန်းတို့သည် အနတ္တဉာဏ် ထက်သန်ပွင့်လင်း ဝမ်းမြောက်ခြင်းရှိကုန်သည်ဖြစ်၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ဟောကြားတော်မူအပ်သော အနတ္တလက္ခဏသုတ်တော်ကြီးကို ရှင်လန်းအားရ နှစ်သက်ကြလေကုန်သတည်း။

ဂါထာမဖက် စုဏ္ဏိယ သက်သက်ဖြစ်သော ဤအနတ္တလက္ခဏသုတ်တော်ကြီးကို ဟောတော်မူအပ်သည်ရှိသော် ကောဏ္ဍညအမှူး ငါးဦးအစုအဝေးရှိကုန်သော ရဟန်းတို့အား ရုပ်နာမ်ခန္ဓာတို့၌ သာယာစွဲငြိခြင်းမရှိဘဲ စီးသွန်ကျလျှော့အာသဝေါ[၁]တို့မှ စိတ်တို့သည် ကျွတ်လွတ်ကြလေကုန်သတည်း။

**အနတ္တလက္ခဏသုတ်သည်ပြီး၏။**

---

၁။ အာသဝေါ (အာသဝနှင့် အတူတူ) ရှည်မြင့်စွာ ထုံအပ်သော မုဒရက် အမာမှ ယိုစီးသော သေရည်ကဲ့သို့ သဘောတရား

"လျှံစီးပို့လျက်၊ မြစ်သို့လသော၊ အာသဝေါကား၊ ကျလျှောဖျားရေ"

ပါရမီတော်ခန်းပျို့၊ သျှင်မဟာသီလဝံသ (၈၅၃ ခု)

"ထောင်သယ်ာတို့ လေးအာသဝေါ ရေနှယ်လျှော၍"

နာရဒ ပျို့၊ မုံရွေးဆရာတော် (၁၁၈၃ ခု)

"ဆွမ်းရသမျှ၊ ဆောင်ပြီးမှလျှင်၊ အာသဝယိုဖိတ်၊ တပ်သောစိတ်ဖြင့်"

ကုသပျို့၊ မုံရွေးဆရာတော် (၁၁၈၉ ခု)

"လွှမ်းဖုံးအာသဝ၊ ကြွင်းသမျှကို၊ ခဏဉာဏ်မြတ်၊ စင်အောင်ဖြတ်လျက်"

ဓမ္မရာသီပျို့၊ သျှင်ကုမာရ ကဿပ

(ဒဂုန်ဦးထွန်းမြင့်၊ ပါဠိသက်ဝေါဟာရအဘိဓာန်)

"လေးတန်ညြယ၊ အာသဝနှင့်၊ ယောဂဂန္ထ၊ လေးဝဥပါဒါန်"

အစိန္တေယျ၊ ဘုရားရှိခိုး၊ ကျီးသဲလေးထပ်ဆရာတော်

## DHAMMACAKKAPPAVATTANA-SUTTA [1]

Homage to the exalted the worthy, the fully enlightened the *Buddha* supreme.

(1)

At one time, The *Bhagavā* [2] was dwelling in Benares, at the deer park, *Isipatana*[3].

Then the *Bhagavā* addressed the group of five *Bhikkhus*.[4]

(2)

Those two extremes, *Bhikkhus*, should not be followed by one who has given up the world.

Which two?

A life given to attractive sense pleasures, low, vulgar of the average folk, ignoble, unprofitable.

And a life given to self- torment, which is suffering, ignoble and unprofitable.

3

Now, Bhikkhus, by avoiding both these extremes, there is a middle course, fully understood by the Tathāgatā [5]. Making for vision, Making for knowledge, which leads to tranquility, to higher knowledge, to Enlightenment, to *Nibbāna.*

And what Bhikkhus, is the middle course fully understood by the *Tathāgata.*

---

1. "Setting in motion the Wheel of Truth".
2. Bhagavā - Blessed One; Exalted One.
3. Isipatana - Modern Sarnath, near Benares. (Bārānast)
4. Bhikkhu - An ordained Disciple of the Buddha, a mendicant monk.
5. Tathāgata - Truth Finder; 'One who has found the Truth, Synonym for Buddha, a term generally used by the Buddha referring to himself or to other Buddhas.
6. The text - (Digha-nikāya 22) quoted above continues with Contd.

http://www.dhammadownload.com

Making for vision, Making for knowledge, which leads to tranquility, to higher knowledge, to ENLIGHTENMENT, to *Nibbāna.*

It is, this Noble Eightfold Path itself.

Namely, Right view, Right thought, Right speech, Right bodily action, Right livelihood, Right endeavour, Right mindfulness, Right concentration.

This, Bhikkhus, is the middle course fully understood by the *Tathāgata.*

Making for vision, Making for knowledge, which leads to tranquility, to higher knowledge, to ENLIGHTENMENT, to *Nibbāna.*

---

The definitions of the Eight fold Path:

| | |
|---|---|
| "And what, Bhikkhus, is Right view? | Knowledge, *Bhikkhus*, about suffering, knowledge about the origin of suffering, knowledge about the cessation of suffering, knowledger about the course leading to the cessation of suffering. This is called Right view |
| "And what, Bhikkhus, is Right Thought? | Thoughts free from lust, thoughts free from malevolence, thoughts free from cruelty, this is called Right Thought. |
| "And what, Bhikkhus, is Right Speech? | Abstaining from lying speech, from slander, from harsh speech, from frivolous talk, this is called Right Speech. |
| "And what, Bhikkhus, is Right Bodily Action? | Abstaining from taking life, from taking what is not given, from misconduct in sexual passions: This is called Right Bodily Action. |
| "And what, Bhikkhus, is Right Livelihood? | Herein *Bhikkhus*, the noble disciple putting away wrong livelihood supports himself by right livelihood; This is called Right Livelihood. |
| "And what, Bhikkhus, is Right Endeavour? | To the end that evil and unwholesome states that have not yet arisen within him may not arise, a *Bhikkhu* puts forth Will, makes endeavour, stirs up energy, grips and force his mind. To the end that he may put away evil and unwholesome states that have arisen within him, he puts forth will, makes endeavour, stirs up energy, grips and forces his mind. To the end that wholesome states which have not arisen may arise, he puts forth energy, makes endeavour, stirs up energy, grips and forces his mind. To the end that wholesome states which have arisen may persist, may not grow blurred, may multiply, may attain growth, increase to fullness, he puts forth will makes endeavour, stirs up energy, grips and forces his mind. This is called Right Endeavour. |

4

And this, *Bhikkhus*, is the Noble Truth about suffering. Birth is suffering, old age is suffering, Illness is suffering, Death is suffering, Association with those we do not love is suffering, Seperation from those we love is suffering, Not to get what one desires is suffering, In brief, the five aggregates of clinging are suffering.

5

And this *Bhikkhus,* is the Noble Truth of the uprising of suffering It is that craving, which is potent for rebirth, is accompained by pleasure and lust, seeking satisfaction, now here, now there. Namely, The

---

The definitions of the Eight fold Path:

"And what, *Bhikkhus*, is Right Mindfulness? A *Bhikkhu* continues so to look upon the body......the feelling ... mind ... mental objects that he remains ardent, mindful and aware after putting away hankering and dejection common in the world. This is called Right Mindfulness.

"And what, *Bhikkhus*, is Right Concentration? A *Bhikkhu*, aloof from sense-pleasure, aloof from unwholesome states of mind, enters into and abides in the Firt Meditation (Jhāna) which is accompanied by initial thought and discursive thought, is born of aloofness and is rapturous and happy. By allaying initial and discursive thought, with his mind subjectively tranquilized and centred on one point, he enters into and abides in the Second Meditation which is without initial and discursive thought, is born of concentration, and is rapturous and happy. By the fading out of rapture, he dwells with equanimity, mindful and aware, and expriences in his person that happiness of which the Noble One says: "He who has quanimity and midfulness lives happily and he enters into and abides in the Third Meditation. By getting rid of Happiness, by getting rid of suffering, by the coming to an end of his former joys and griefs, he enters into and abides in the Fourth Meditation which has neither suffering nor happiness and which is entirely purified by equanimity and midfulness. This is called Right Concentration.

http://www.thedownload.com

craving for sensual pleasures, The craving for existence, The craving for non-existence.

6

And This, *Bhikkhus* is the Noble Truth of the cessation of suffering. It is the utter fading away and cessation of that very craving, The giving it up, The abandoning it, The release from it, The detachment from it.

7

And this, *Bhikkhus*, is the Noble Truth of the course leading to the cessation of suffering.

It is the Noble Eightfold Path.
Namely,
Right view,
Right thought,
Right speech,
Right bodily action,
Right livelihood,
Right endeavour.
Right mindfulness.
Right concentration.

(8)

Among things *Bhikkkhus,* not heard of before by me, Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, THIS IS THE NOBLE TRUTH OF SUFFERING."

(9)

Among things, *Bhikkhus*, not heard of before by me, Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, THE NOBLE TRUTH OF SUFFERING MUST BE COMPLETELY KNOWN"

(10)

Among things, *Bkikkhus*, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, Among things, *Bhikkhus*, not heard of before by me vision arose, knowledge arose, Wisdom arose, Special knowledge arose, light arose, "THAT WHICH IS THE NOBLE TRUTH OF SUFFERING HAS BEEN COMPLETELY KNOWN"

http://www.dhammadownload.com



Among things, *Bkikkhus*, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT, THIS IS THE NOBLE TRUTH OF THE UPRISING OF SUFFERING."

12

Among things, *Bhikkhus*, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT WHICH IS THE NOBLE TRUTH OF THE UPRISING OF SUFFERING MUST BE GIVEN UP."

13

Among things, *Bhikkhus*, not heard of before by me, Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT WHICH IS THE NOBLE TRUTH OF THE UPRISING OF SUFFERING HAS BEEN GIVEN UP."

14

Among things, *Bhikkhus*, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT THIS IS THE NOBLE TRUTH OF THE CESSATION OF SUFFERING."

15

Among things, *Bhikkhus*, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT WHICH IS THE NOBLE TRUTH OF THE UPRISING OF THE CESSATION OF SUFFERING MUST BE REALISED."

16

Among things, *Bhikkhus*, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT WHICH IS THE NOBLE TRUTH OF THE CESSATION OF SUFFERING HAS BEEN REALISED."

17

Among things, *Bhikkhus*, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose,

http://www.dhammadownload.com



"THAT THIS IS THE NOBLE TRUTH OF THE COURSE LEADING TO THE CESSATION OF SUFFERING."

18

Among things, *Bhikkhus*, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT WHICH IS THE NOBLE TRUTH OF THE COURSE LEADING TO THE CESSATION OF SUFFERING MUST BE DEVELOPED.."

19

Among things, *Bhikkhus*, not heard of before by me. Vision arose, Knowledge arose, Wisdom arose, Special knowledge arose, Light arose, "THAT WHICH IS THE NOBLE TRUTH OF THE COURSE LEADING TO THE CESSATION OF SUFFERING HAS BEEN DEVELOPED."

20

And so long, *Bhikkhus*, the vision of knowledge of these four noble Truths with the three sections and twelve modes as they really are, was not well purified by me, So long was I, *Bhukkhus*, could not admit that " I was perfect Buddha who had attained the full supreme ENLIGHTENMENT, in the midst of the world with its Devas[1], with its Māras[2], with its Brahmas[3], with its Recluses and Brahmans[4], its creatures with Devas and men."

21

But when, *Bhikkhus*, the vision of knowledge of these Four Noble Truths, with the three sections and twelve modes, as they really are, was well purified by me. Then, *Bhikkhus*, I could admit that I was a perfect Buddha, who had attained the full supreme *ENLIGHTENMENT*, in the midst of the world with its *Devas*, with its Māras, with its. *Brahmas*, with its Recluses and Brahmans, its creatures with *Devas* and Men"

---

1. Deva - a deity; a celestial being; a god.
2. Māra - The Evil One; the templer; death personified.
3. Brahma - Supreme being; creator of the Universe;
4. Brāhmana - A Brahmin; member of the highest caste in India.

22

Moreover, the Vision of knowledge arose to me, "Unshakable is freedom for me, this is the last birth, now there is no rebirth."

23

This is what the *Bhagavā* had said, and the group of five *Bhikkhus* were delighted and rejoiced at what the *Bhagavā* had said.

24

Further more, while this explanation was being uttered, Vision of the Dhama, dustless, stainless arose to the Venerable Kondañña.

That "Whatever has the nature of uprising all that has the nature of cessation."

25

And when the *Bhagavaā* had proclaimed the discourse on the turning of he Wheel of *Dhamma*, The Earth *Devas* raised the shout.

"The supreme *Dhamma* wheel proclaimed by the *Bhagavā* in Benares at the deerpark, Isipatana cannot be contradicted by a recluse, or Brahman or *Deva* or by *Māra* or by *Brāhma* or by anyone in the world."

Having heard the shout of the Earth *Devas*, The *Devas* of the Four Great Kings shouted together, ..."..............."

*Tāvatimsā Devas* "..............."

*Yāmā Devas*......"..............."

*Tusitā Devas*......"..............."

*Nimānarati Devas*..."..............."

*Paranimitavassavati Devas*..."..............."

*Baramākārikā Devas* shouted together.

"The supreme *Dhamma* wheel proclaimed by the *Bhagavā* in Benares at the deerpark, *Isipatana*, cannot be contradicted by a recluse, or Brahman or *Deva* or by *Māra* or by Brahma or by anyone in he world.

---

25. Literally - And when the *Bhagavā* had rolled the Wheel of Dhamma, The Earth *Deavs* raised the shout.

"The Supreme *Dhamma* wheel rolled by the *Bhagavā* in Benares at the deerpark, *Isipatana*, cannot be rolled back by a recluse, or Brāhman or *Deva* or by *Māra* or by *Brāhma* or by anyone in the world."

http://www.dhammadownload.com


Thus, in that moment, in that second, in that instant the shout reached as far as the Brahma- world.

26

And the Ten Thousand-Fold World- system trembled, quaked and quaked again, shook violently to and fro.

27

And an immeasurable and mighty radiance appeared in the world, surpassing the *Devas*`own glory.

28

Then the *Bhagavā* uttered this solemn utterance "Indeed, *Kondañña* has understood." Indeed, Kondañna has Understood.

Thus, it was that *Aññāsi Kondañña* became the name of venerable *Aaññāsi Kondañña.*

29

Then, The Venerable *Aññāsi Kndañña*, Having seen *Dhamma*, Attained *Dhamma*, Known *Dhamma*, Plunged into *Dhamma*, having crossed over doubt, Having put away uncertaintity, Having attained confidence.

Without depending on others in the Teacher's religion, spoke to the *Bhagavā*.

"May I, *Bhante*, get to leave the world in the presence of the *Bhagavā*, May I get the ordination?

30

And the *Bhagavā* said, "Come, *Bhikkhu*, The *Dhamma* has been well expounded, Practice the holy life rightly, for making an end of suffering." So this came to be the ordination of the long lived Venerable. *Kondañña.*

http://www.dhammadownload.com

## Anattalakkhana-sutta

Homage to the exalted, the worthy, the fully enlightened, the *Buddha* supreme.

1

At one time, The *Bhagavā* was dwelling in Benares, at the deer park, *Isipatana.*

There the *Bhagavā* addressed the group of five *Bhikkhus*, "O! Bhikkhus!"

And the *Bgikkhus* answered, "*Bhaddante*"

Then the Bhagavā spoke thus:"

2

"Matter, *Bhikkhus*, is not the self".

If matter, *Bhikkhus.* were the self, then matter would not tend to sickness.

And one could say of matter, "Thus let matter be thus for me, let matter not be thus for me."

"But, *Bhikkhus*, in as much as matter is not the self, that is why matter tends to sickness.

And one cannot say of matter, "Thus let matter be thus for me, let matter not be thus for me."

3

Feeling, *Bhikkhus*, is not the self.

If feeling, *Bhikkhus*, were the self, then feeling would not tend to sickness.

And one could say of feeling, "Thus let feeling be thus for me, let feeling not be thus for me."

http://www.dhammadownload.com


"But, *Bhikkhus*, in as much as feeling is not the self, that is why feeling tends to sickness."

And one cannot say of feeling, "Thus let feeling be thus for me, let feeling not be thus for me."

4

Perception, *Bhikkhus* is not the self.

If perception, *Bhikkhus*, were the self, then perception would not tend to sickness.

And one could say of perception, "Thus let perception be thus for me, let perception not be thus for me."

"But, *Bhikkhus*, in as much as perception is not the self, that is why perception tends to sickness."

And one cannot say of perception, " Thus let perception be thus for me, let perception not be thus for me."

5

Mental formation, *Bhikkhus*, is not the self.

If mental formation, *Bhikkhus,* were the self, then mental formation would not tend to sickness.

And one could say of mental formation, "Thus let mental formation be thus for me, let mental formation not be thus for me."

But, *Bhikkhus,* in as much as mental formation is not the self, that is why mental formation tends to sickness.

And one cannot say of mental formation, "Thus let mental formation be thus for me, let mental formation not be thus for me."

6

Consciousness, *Bhikkhus*, is not the self.

If consciousness, *Bhikkhus*, were the self, then consciousness would not tend to sickness.

And one could say of consciousness, "Thus, let consciousness be thus for me, let consciousness not be thus for me.

"But, *Bhikkhus*, in as much as consciousness is not the self, that is why consciousness tends to sickness."

And one cannot say of consciousness, "Thus let consciousness be thus for me, let consciousness not be thus for me."

http://www.dhammadownload.com


7

What do you think of this, *Bhikkhus*?

Is matter permanent or impermanent?

Impermanent, *Bhante*. And, *Bhikkhus*, what is impermanent, is that suffering or happiness?

Suffering, *Bhante*.

Then, *Bhikkhus*, what is impermanent, suffering, corruptible by nature, is it fitting to regard it thus, " This is mine, this am I, this is the self for me?"

Not fitting *Bhante*.

8

Is feeling, *Bhikkhus*, permanent or impermanent? Impermanent, *Bhante*.

And, *Bhikkhus*, what is impermanent, is that suffering or happiness?

Suffering, Bhante, Then, Bhikkhus, what is impermanent, suffering corruptible by nature, is it fitting to regard it thus, "This is mine, this am I, this is the self for me?" Not fitting, *Bhante*.

9

Is perception, *Bhikkhus*, permanent or impermanent? Impermanent, *Bhante*.

And, *Bhikkhus*, what is impermanent, is that suffering or happiness? Suffering, *Bhante*.

Then *Bhikkhus*, what is impermanent, suffering, corruptible by nature, is it fitting to regard it thus, "This is mine, this am I, this is the self for me?" Not fitting, *Bhante*.

10

Is mental formation, *Bhikkhus*, permanent or impermanent?

Impermanent, *Bhante*. And, *Bhikkhus*, what is impermanent, is that suffering or happiness? Suffering, Bhante.

Then, *Bhikkhus*, what is impermanent, suffering, corruptible by nature, is it fitting to regard it thus,

"This is mine, this am I, this is the self for me?" Not fitting, *Bhante*.

http://www.dhammadownload.com


11

Is consciousness, *Bhikkhus*, permanent or impermanent? Impermanent, *Bhante.*

And, *Bhikkhus*, what is impermanent, is that suffering or happiness? Suffering, *Bhante.*

Then, *Bhikkhus,* what is impermanent, suffering, corruptible by nature, is it fitting to regard it thus,

"This is mine, this am I, this is the self for me?" Not fitting, *Bhante.*

12

Therefore, *Bhikkhus*, whatever matter there is, be it past, future or present, Inward or outward, gross or subtle, Low or lofty, Far or near.

Matter of all kinds, should be as regarded as they really are, by right wisdom, "This is not mine, this I am not, this is not the self for me.

13

There fore, *Bhikkhus*, whatever feeling there is, be it past, future or present, Inward or outward.

Gross or subtle, Low or lofty, Far or near,

Feeling of all kinds, should be as regarded as they really are, by right wisdom, "This is not mine, this I am not, this in not the self for me."

14

Therefore, *Bhikkhus*, whatever perception there is, be it past, future or present, inward or outward, Gross or subtle, Low or lofty, Far or near.

Perception of all kinds, should be as regarded as they really are, by right wisdom, "This is not mine, This I am not, this is not the self for me."

15

Therefore, *Bhikkhus*, whatever, mental formation there is, be it past, future or present, Inward or outwards, Gross or subtle, Low or lofty, Far or near,

Mental Formation of all kinds, should be as regarded as they really are, by right wisdom, "This is not mine, this I am not, this is not the self for me."

http://www.dhammadownload.com


16

Therefore, *Bhikkhus*, whatever, consciousness there is, be it past, future or present, Inward or outwards, Gross or subtle, Low or lofty, Far or near.

Consciousness of all kinds, Should be as regarded as they really are, by right wisdom, "This is not mine, this I am not, this is not the self for me."

17

So seen, *Bhikkhus,* the well taught Noble Disciple, is disgusted with matter, disgusted with feeling, disgusted with perception, disgusted with mental formation, disgusted with consciousness, so being disgusted, he is dispassionate.

Though dispassions, he is free. When he is freed, he knows that it is freedom. Further he knows that, birth is ended. The Holy Life has been lived. What was to be done has been done. Nothing further to be done for this Noble Path.

18

This is what the *Bhagavā* had said and the group of five *Bhikkhus* were delighted and rejoiced at, what the *Bhagavā* had said.

Moreover, when this explanation had been spoken the minds of five *Bhikkhus* were freed from the *Āsava*[1] without clinging.

1. Āsava Sensuality, lust for renewed life, delusion, that which flows, idea which intoxicate the mild.
The four Āsava are:-
Kāmāsava - Sensual Pleasure
Bhavāsava - The love of existence, lust of life (rebirth)
Ditthāsava - hersy, speculation
Avijjāsava - ignorance
freedon from Asāva constitutes Arahantship and the fight for the extinction of these Āsava forms one of the main duties of man. Āsava is synonymous ahith kilesa.

http://www.dhammadownload.com


၁

ဗုဒ္ဓမြတ်စွာ ဘုရားသခင်သည် သက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့် စနေနေ့ညနေချမ်း၊ နေမင်းကလည်း အနောက်အရပ်၌ ဝင်လုဆဲဆဲ လမင်းကလည်း အရှေ့လောကဓာတ်မှ ထွက်လာဆဲ အချိန်တွင် ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့အား ဓမ္မစက္ကပဝတ္တန သုတ္တန် ဒေသနာတော်ကို ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဟောကြားတော်မူလေသည်။

The Buddha in the year 103 B.E. On the full moon day of Waso (July) Saturday in the evening when the sun just about setting in the west and the moon just about arising in the east preached the Dhammacakkapavuttana Sutta, to a group of five ascetics (Pañchavaggiya), in the deer park Isipatana (Sārnath) near Benares.

၂

ထိုသို့ မြတ်စွာဘုရားသခင်သည် ဓမ္မစကြာဒေသနာတရားဟောကြားတော်မူသောအခါ အရှင်ကောဏ္ဍညသည် ဒေသနာတော်ကို အစဉ်လျှောက်သဖြင့် ဉာဏ်ကို စေလွှတ်ဖြစ်ပွားစေခဲ့ရာ သုတ္တန်ပြီးဆုံးသောအခါ ဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေနှင့်တကွ သောတာပတ္တိ ဖိုလ်၌ တည်လေ၏။

While the Buddha was preaching the Dhammacakkapavuttana Sutta, the venerable Kondañña paying the special attention to the Sutta and developing his knowledge and attained Sotapatti Phala (the fruition of Sotapatti, the first attainment of Nibbāna) at the end of the Sutta together with the One hundred and eighty million brahmas.

၃

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ဝါဆိုလပြည့်ကျော် ၅ ရက် ကြာသပတေးနေ့သို့ ရောက်သောအခါ ပဉ္စဝဂ္ဂီရဟန်းတို့အား အနတ္တလက္ခဏာသုတ္တန်ကို ဟောကြားတော်မူ၍ ဒေသနာနိဂုံး ပြီးဆုံးသောအခါ၌ ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ကြလေကုန်၏။

The Buddha on the following Thursday the fifth wanning moon of Waso (July) preached the Anattalakkhana Sutta to the Panchavaggiya (five ascetics) and at the end of the Sutta all five ascetics attained Arahantship (Sainthood).

http://www.dhammadownload.com

http://www.dhammadownload.com